# အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ

# ဖက်ဒရယ်ဒီမိုကရေစီပညာရေးမူဝါဒ

## နောက်ခံအကြောင်းအရာ

အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတွင် အကောင်ထည်ဖော်ရန်အတွက် ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးမူဝါဒရေးဆွဲရေးနှင့် အသွင်ကူးပြောင်းရေးကာလပညာရေးလုပ်ငန်းများ အတွက် စီမံချက်များ ရေးဆွဲရန် ပညာရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးများကို ၂၀၂၁ ဇူလိုင်လ ၃၀ ရက် မှ စက်တင်ဘာလ ၃ ရက် အထိ အပတ်စဉ် ကျင်းပခဲ့ပါသည်။ အဆိုပါ ညှိနှိုင်းအစည်းအဝေးများကို အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့၏ သဘောတူညီချက်အရ အမျိုးသားညီညွတ်ရေးအစိုးရ၏ ပညာရေးဝန်ကြီးဌာနက စီစဉ်ကျင်းပခဲ့ပါသည်။ အဆိုပါညှိနှိုင်း အစည်းအဝေးများတွင် ဒေါက်တာသိန်းလွင် (Thinking Classroom Foundation) က ပညာရေး မူဝါဒဆိုင်ရာ အကြံပေးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

အထက်ပါညှိနှိုင်းအစည်းအဝေးများတွင် ပါဝင်သော အဖွဲ့အစည်းများမှာ လူမျိုးအခြေပြု ပညာရေးအဖွဲ့အစည်းများ၊ ဒေသအခြေပြုပညာရေးအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြု ပညာရေးအဖွဲ့အစည်းများ၊ မြို့နယ်ပညာရေးဘုတ်အဖွဲ့များ၊ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံ အုပ်ချုပ်ရေးကောင်စီများ၊ ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ၊ အရပ်ဖက်ပညာရေး အဖွဲ့အစည်းများ၊ သပိတ်ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) အဖွဲ့ဝင်များ၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်အတိုင်ပင်ခံကောင်စီဝင်များ၊ နိုင်ငံရေးပါတီများ၊ ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ပညာရေးဆိုင်ရာအကြံပေးဘုတ်အဖွဲ့ဝင်များ ဖြစ်ကြပါသည်။

အထက်ပါညှိနှိုင်းအစည်းအဝေးများတွင် ဖက်ဒရယ်ဒီမိုကရေစီပညာရေးစနစ် ထူထောင်ရန် ဘုံရည်မှန်းချက်ရရှိပြီး ပညာရေးကဏ္ဍအသီးသီးအတွက် အကြံဉာဏ်များရရှိခဲ့ပါသည်။

ထို့ပြင် ၂၀၁၂ မှစ၍ ဒီမိုကရေစီပညာရေးပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်ခဲ့ပါသည်။ အဆိုပါပညာရေးလှုပ်ရှားမှုများတွင် ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ၊ တိုင်းရင်းသားအခြေပြုပညာ ရေးအဖွဲ့အစည်းများ၊ အခြားအရပ်ဖက်အဖွဲ့အစည်းများ၏ တောင်းဆိုချက်များ၊ တိုင်းရင်းသားလူမျိုးရေးရာစင်တာ (Ethnic Nationalities Affairs Center - ENAC) ၏ ပညာရေးမူဝါဒဆိုင်ရာ အကြံပြု ချက်များ (၂၀၁၆)၊ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် (National Network for Education Reform - NNER) ၏ ပညာရေးမူဝါဒ ဆိုင်ရာ အကြံပြုချက်များ (၂၀၁၃၊ ၂၀၁၇) ပေါ်ထွက်လာခဲ့ပါသည်။ အမျိုးသား ညီညွတ်ရေးအစိုးရ၏ ပညာရေးဝန်ကြီးဌာနကလည်း ဖက်ဒရယ်ပညာရေးမဟာဗျူဟာ အခြေခံမူများ ချမှတ်ထားပါသည်။

အထက်ပါညှိနှိုင်းအစည်းအဝေးများမှရရှိသော အကြံဉာဏ်များ၊ ယခင်ရရှိခဲ့သော ပညာရေးမူဝါဒဆိုင်ရာ အကြံပြုချက်များ၊ အမျိုးသားညီညွတ်ရေးအစိုးရပညာရေးဝန်ကြီးဌာန၏ အခြေခံမူများ၊ လူမျိုး အခြေပြု၊ ရပ်ရွာအခြေပြု၊ ဘာသာရေးအခြေပြုပညာရေးလုပ်ငန်းများ၊ နွေဦးတော်လှန်ရေးကာလ ပညာရေးလုပ်ငန်းများနှင့် ကုလသမဂ္ဂမှ ဦးဆောင် အကောင်အထည်ဖော်လျက်ရှိသည့် ရေရှည် တည်တံ့သော ဖွံ့ဖြိုးရေးအတွက် ပညာရေးရည်မှန်းချက် (SDG-4, Education 2030) တို့ကို အခြေခံလျက် ဖက်ဒရယ်ဒီမိုကရေစီပညာရေးမူဝါဒ ကနဦးမူကြမ်း (Zero Draft) (၂၀၂၁ စက်တင်ဘာလ ၂၀ ရက်) ကို ရေးသားခဲ့ပါသည်။ ကနဦးမူကြမ်းကို ပညာရေးမူဝါဒ ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးများတွင် တက်ရောက် ခဲ့သူများ၊ စိတ်ဝင်စားသူများနှင့် ပညာရှင်များထံပေးပို့ခဲ့ရာ အကြံပြုစာတမ်းပေါင်း (၁၀၀) ကျော် ရရှိခဲ့ပါသည်။ အဆိုပါအကြံပြုချက် များကို အခြေခံ၍ ကနဦးမူကြမ်းကို ပြင်ဆင်ဖြည့်စွက်ပြီး ဖက်ဒရယ်ဒီမိုကရေစီပညာရေးမူဝါဒ (ပထမ မူကြမ်း) အဖြစ် ရေးသားခဲ့ ပါသည်။

ထိုသို့ပူးပေါင်းရေးဆွဲထားသော ဖက်ဒရယ်ဒီမိုကရေစီပညာရေးမူဝါဒ (ပထမ မူကြမ်း)ကို ဖက်ဒရယ်ဒီမိုကရေစီပညာရေး ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (JCC – Education)သည် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့အထိ ဆွေးနွေးခဲ့ကြပါသည်။ ဖက်ဒရယ်ဒီမိုကရေစီပညာရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (JCC–Education မှ ပညာရေးနှင့် အကျိုးသက်ဆိုင်သော အဖွဲ့ဝင်အဖွဲ့အစည်းပေါင်း (၂၀) ၏ ပြင်ဆင်ဖြည့်စွက် အကြံပြု ချက်များကို ရယူခဲ့ပြီး အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) သို့ တင်ပြခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၄) ရက်နေ့တွင် ပြုလုပ်သော အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) အစည်းအဝေးမှ ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးမူဝါဒ (ပထမမူကြမ်း) သုံးသပ်ခြင်း လုပ်ငန်းစဉ်ပြီးမြောက်မှုနှင့် ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ ပေးပို့လာသည့် သုံးသပ်ချက်များ၊ အကြံပြုချက်များကို ဖက်ဒရယ်ဒီမိုကရေစီပညာရေး ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (JCC–Education) က စုစည်းပြီး၊ တွေ့ဆုံဆွေးနွေး သဘောထားရယူရန် လိုအပ်သော သက်ဆိုင်ရာ အစုအဖွဲ့၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးကာ ဒုတိယမူကြမ်းပြုစုရန် ဆုံးဖြတ်တာဝန် ပေးအပ်ခဲ့ပါသည်။ ဖက်ဒရယ်ဒီမိုကရေစီပညာရေး ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (JCC–Education) က ဒုတိယမူကြမ်း ပြုစု၍ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) သို့ ၂၀၂၃ ခုနှစ်၊ ဧပြီလ (၃) ရက်နေ့တွင် တင်ပြခဲ့ပါသည်။

## နိဒါန်း

ဤပြည်ာရေးမူဝါဒ ပေါ်ထွက်လာရန် ပါဝင်ဆောင်ရွက်ခဲ့ကြသူများသည် အနာဂတ်မြန်မာနိုင်ငံကို ငြိမ်းချမ်းသာယာသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုထူထောင်ရန်နှင့် အရည်အသွေး ပြည့်ဝသော ဖက်ဒရယ်ဒီမိုကရေစီပညာရေးစနစ် တည်ဆောက်ရန် မျှော်မှန်းထားကြပါသည်။

ဤပညာရေးမူဝါဒသည် လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး လူတိုင်းအတွက်သာတူညီမျှ (equity) ရှိ၍ အရည်သွေးရှိသော ပညာရေးကို တန်းတူညီမျှရရှိစေရန် အာမခံပါသည်။ မြန်မာနိုင်ငံတွင် စုပေါင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးအသီးသီး၏ ပညာရေးဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုလည်း အာမခံပါသည်။ လူ့ဂုဏ်သိက္ခာနှင့် လူမှုရေးတရားမျှတမှုများကိုလည်း လေးစားလိုက်နာပါသည်။

ဤပညာရေးမူဝါဒသည် ပညာရေးလွတ်လပ်ခွင့် (Academic Freedom) ကိုလေးစားလိုက်နာပြီး သဘာဝ သိပ္ပံ (Natural Sciences)၊ အသုံးချသိပ္ပံ (Applied Sciences)၊ လူမှုသိပ္ပံ (Social Sciences)၊ လူမှုဘာသာရပ်များ (Humanities) နှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ပညာရပ်များ (Vocational Education) ကို တန်းတူတန်ဖိုး ထားပါသည်။ ပညာရပ်နယ်ပယ် အသီးသီး ဖွံ့ဖြိုးတိုးတက်၍ လူသားစွမ်းရည်များ မြင့်တင်ပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး နှင့် ငြိမ်းချမ်းသာယာရေး ကို ရှေးရှုပါသည်။

ဤပညာရေးမူဝါဒသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုမျှတရေး၊ ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးတို့ကို အားပေးမြင့်တင်၍ သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းရေးဆွဲပါမည်။ ဒေသဆိုင်ရာ အသိဉာဏ်များ (Local wisdom)၊ လူမျိုးအသီးသီး၏ သမိုင်း၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် ဘာသာစကားများကို ထင်ဟပ်ပေါ်လွင်စေသည့် ဒေသ ဆိုင်ရာသင်ရိုးညွှန်းတမ်း (Local Curriculum) ကိုလည်း အားပေးပံ့ပိုးပါသည်။ မြန်မာဘာသာစကားသည် မိခင် ဘာသာစကားမဟုတ်သော တိုင်းရင်းသားလူမျိုးများအတွက် မိခင်ဘာသာစကားအခြေပြုပညာရေး (Mother Tounge-Based Multi-Lingual Education- MTB-MLE) မူဝါဒကိုလည်း ထည့်သွင်းထားပါသည်။ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ပြည်နယ်အသီးသီး ညှိနှိုင်းတိုင်ပင်၍ အခြေခံသင်ရိုး (Core Curriculum) ရေးဆွဲရန်လည်း မူဝါဒထားရှိပါသည်။

ဤပညာရေးမူဝါဒသည်ပဋိပက္ခဖြစ်ပွားရာဒေသများနှင့် ရွှေ့ပြောင်းဒေသများတွင် နေထိုင်သော ကလေးများ၏ ပညာရေးအတွက် ကျောင်းများဖွင့်၍ နှစ်ပေါင်းများစွာ ကြိုးပမ်းဆောင်ရွက် ခဲ့ကြသော တိုင်းရင်းသားအခြေပြုပညာရေးအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုပညာရေး အဖွဲ့အစည်းများ၊ ရပ်ရွာ အခြေပြုပညာရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကူညီသူများကို တန်ဖိုးထား အသိအမှတ်ပြုပါသည်။ မြန်မာနိုင်ငံပညာရေးသမိုင်းတွင် အစဉ်အလာကြီးမားသော ဘုန်းတော်ကြီး သင် ပညာရေးကျောင်းများကိုလည်း အလေးအမြတ်ပြုပါသည်။ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တွင် အဆိုပါကျောင်းများကို ဆက်လက် အသိအမှတ်ပြု၍ ပြည်ထောင်စု ဘဏ္ဍာဖြင့် ပံ့ပိုးကူညီမည်။

ဤပြညာရေးမူဝါဒသည် ကျောင်းသား၊ ကျောင်းသူများ၏ အသိဉာဏ်ဖွံ့ဖြိုးမှု၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု၊ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုတို့ကို အားပေးမြှင့်တင်ပြီး ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် စူးစမ်းရှာဖွေလေ့လာခြင်း၊ သုတေသနပြုခြင်း၊ ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်း၊ လွတ်လပ်စွာ စဉ်းစားတွေးခေါ်စေခြင်း တို့ကိုအားပေးပါသည်။

ဖက်ဒရယ်ဒီမိုကရေစီပညာရေးမူဝါဒကို အကောင်အထည်ဖော်ရာတွင် ဆရာ၊ ဆရာမများသည် အဓိက အခန်းကဏ္ဍမှ ဦးဆောင်သူများဖြစ်၍ ဆရာ၊ ဆရာမများ၏အရည်အသွေးမြှင့်တင်ရေး၊ လုံလောက်သော ထောက်ပံ့မှုရရှိရေး၊ နိုင်ငံသားအခွင့်အရေးများ အပြည့်အဝရရှိခံစားစေရေးနှင့် လွတ်လပ်စွာ ဆုံးဖြတ်ခွင့် ရှိရေးတို့အတွက် မူဝါဒ ထားရှိပါသည်။

ဖက်ဒရယ်ဒီမိုကရေစီပညာရေးစနစ်ကို စီမံခန့်ခွဲရာတွင် ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) သည် အဓိက ဖြစ်ပြီး ပြည်နယ်များ၏ ပညာရေးမူဝါဒ၊ သင်ရိုးညွှန်းတမ်း၊ ပညာရေးအရည်အသွေးနှင့် ပညာရေးဆိုင်ရာ အထောက်အပံ့များအတွက် တာဝန်ရှိမှုကို မူဝါဒတွင် ဖော်ပြထားပါသည်။ ပညာရေးဆိုင်ရာ ကိစ္စများကို ပြည်နယ်အချင်းချင်း ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခွင့်လည်း ရှိပါ သည်။

ပညာရေးဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အရ ပြည်နယ်၊ မြို့နယ်၊ ကျောင်း/ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံ အစရှိသည့် ပညာရေးအဆင့်အသီးသီးတွင် ဆုံးဖြတ်ခွင့်အာဏာကို ဒီမိုကရေစီနည်းလမ်းများအရ ခွဲဝေသတ်မှတ်ရန် နှင့် ရွေးချယ်ခန့်အပ်မှုများကို အောက်ခြေမှအထက်သို့ အဆင့်ဆင့်ဆောင်ရွက်ရန် မူဝါဒထားရှိပါသည်။ ဖက်ဒရယ်ပြည်ထောင်စု အဆင့်တွင် ပညာရေးဆိုင်ရာအရည်အသွေး၊ သုတေသနပြုရေးနှင့် ပြည်နယ် အားလုံး ပညာရေးအခွင့်အလမ်း ညီမျှစေရေးတို့ကို ဆောင်ရွက်ရန် မူဝါဒထားရှိပါသည်။

ဖက်ဒရယ်ဒီမိုကရေစီပညာရေးစနစ်အဆင့်ဆင့်တွင်ပါဝင်သော စီမံခန့်ခွဲရေးဆိုင်ရာ ကဏ္ဍအသီးသီး သည် ကျောင်းသား ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၏ သင်ကြားသင်ယူမှုများ ထိရောက်စေရန် အတွက် သင်ယူမှုပတ်ဝန်းကျင် (Learning Communities) များတည်ဆောက်ရန် ဤမူဝါဒတွင် ထည့်သွင်းဖော်ပြ ထားပါသည်။

ဤဖက်ဒရယ်ဒီမိုကရေစီပညာရေးမူဝါဒတွင် အောက်ပါကဏ္ဍများ ပါဝင်ပါသည်။

၁။ ဖက်ဒရယ်ဒီမိုကရေစီပညာရေးစီမံခန့်ခွဲမှုစနစ်တည်ဆောက်ပုံ (Administrative Structure)
၂။ ဖက်ဒရယ်ဒီမိုကရေစီပညာရေးစနစ်တည်ဆောက်ပုံ (Academic Structure)
၃။ ရှေးဦးကလေးသူငယ်ပညာရေး
၄။ အခြေခံပညာရေး
၅။ အသက်မွေးဝမ်းကြောင်းပညာရေး
၆။ အဆင့်မြင့်ပညာရေး
၇။ အရွယ်ရောက်ပြီးသူများ၏ ပညာရေးနှင့် ရာသက်ပန်ပညာရေး
၈။ မသန်စွမ်းသူများနှင့် အထူးလိုအပ်ချက်ရှိသူများအတွက် ပညာရေး

၉။ ပုဂ္ဂလိက ပညာရေး
၁၀။ သင်ရိုးညွှန်းတမ်း၊ သင်ကြားနည်းနှင့် စစ်ဆေးခြင်း
၁၁။ ကျောင်းသုံးဘာသာစကား
၁၂။ ဆရာ၊ ဆရာမများ
၁၃။ ကျောင်းသားသမဂ္ဂများနှင့် ဆရာသမဂ္ဂများ
၁၄။ ကျောင်းသားမိဘများနှင့် ရပ်ရွာ၏ပါဝင်မှု
၁၅။ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ
၁၆။ ပညာရေးသတင်းအချက်အလက်များ
၁၇။ ပညာရေးအရည်အသွေးအာမခံမှု
၁၈။ ဘဏ္ဍာရေး


## ၁။ ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးစီမံခန့်ခွဲမှုစနစ်တည်ဆောက်ပုံ (Administrative Structure)

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအတွင်း ပြည်နယ်အလိုက်၊ ဒေသအလိုက်၊ လူမျိုးအလိုက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပညာရေးစနစ်ကို အကောင်အထည်ဖော်မည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အရ ပြည်နယ်များသည် မိမိတို့ပြည်နယ် အတွင်း ပညာရေးအကောင်အထည်ဖော်မှုတွင် အဓိကတာဝန် ရှိသည်။

ကျောင်း/ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံအဆင့်၊ မြို့နယ်အဆင့်၊ ပြည်နယ်အဆင့်၊ ဖက်ဒရယ်ပြည်ထောင်စု အဆင့် အသီးသီးတွင် ဆောင်ရွက်ရမည့် ပညာရေးလုပ်ငန်းများကို ဥပဒေပြဋ္ဌာန်း ဆောင်ရွက်မည်။ ပညာရေးအဆင့်အသီးသီးတွင် ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပညာရေးကောင်စီများ ဖွဲ့စည်းဆောင်ရွက်မည်။ ပညာရေးကောင်စီအဆင့်ဆင့် ဖွဲ့စည်းမှုနှင့် စီမံခန့်ခွဲမှုနစ်တည်ဆောက်ပုံကို အောက်ပါ ပုံကားချပ် (၁) တွင်ဖော်ပြထားပါသည်။

၂၀၂၃ ခုနှစ်၊ မေလ (၈) ရက်နေ့ NUCC တွင် ဆွေးနွေးအတည်ပြုသည်။

ပုံကားချပ် (၁) ဖက်ဒရယ်ဒီမိုကရေစီပညာရေးစီမံခန့်ခွဲမှုစနစ်တည်ဆောက်ပုံ (Administrative Structure)




## ၁(က) ကျောင်းအုပ်ချုပ်ရေးကောင်စီ

ကျောင်းအုပ်ချုပ်ရေးကောင်စီကို ကျောင်းအုပ်၊ ဆရာသမဂ္ဂ၊ ကျောင်းသားသမဂ္ဂနှင့် ဝန်ထမ်းသမဂ္ဂ ကိုယ်စားလှယ်များ၊ ကျောင်းသားဟောင်းများ၏ ကိုယ်စားလှယ်များ၊ ကျောင်းသားမိဘများ၏ ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများနှင့် ရပ်ရွာတာဝန်ရှိ သူများ ပါဝင်ဖွဲ့စည်းမည်။ ကျောင်းအဆင့်တွင် ဆောင်ရွက်ရမည့် ကျောင်းမူဝါဒ ရေးဆွဲခြင်း၊ ဆရာ/ဆရာမ များခန့်ထားခြင်း၊ ကျောင်းသားလက်ခံခြင်း၊ ကျောင်းချိန်သတ်မှတ်ခြင်း၊ ကျောင်းသုံး ဘာသာစကား သတ်မှတ်ခြင်း၊ ဘက်ဂျက်ရေးဆွဲခြင်း၊ သင်ရိုးညွှန်းတမ်းနှင့် ဆရာအတတ်သင်ပညာ မြှင့်တင်ခြင်း စသည်တို့ကို ကျောင်းအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်မည်။

## ၁(ခ) တက္ကသိုလ်/ ကောလိပ်/ သိပ္ပံ အုပ်ချုပ်ရေးကောင်စီ

တက္ကသိုလ်/ ကောလိပ်/ သိပ္ပံ အုပ်ချုပ်ရေးကောင်စီကို ပါမောက္ခများ၊ ဆရာသမဂ္ဂ၊ ကျောင်းသားသမဂ္ဂနှင့် ဝန်ထမ်းသမဂ္ဂ ကိုယ်စားလှယ်များ၊ ကျောင်းသား/ ကျောင်းသူဟောင်းများ၏ ကိုယ်စားလှယ်များ ပညာရှင်များ ပါဝင်ဖွဲ့စည်းမည်။ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံ အုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်ရမည့် လုပ်ငန်းများ အတွက် ပဋိညာဉ်ရေးဆွဲရန် အညွှန်းဘောင်ကို ဖက်ဒရယ်ပညာရေး ကောင်စီကချမှတ်မည်။

၂၀၂၃ ခုနှစ်၊ မေလ (၈) ရက်နေ့ NUCC တွင် ဆွေးနွေးအတည်ပြုသည်။

## ၁ (ဂ) မြို့နယ်ပညာရေးကောင်စီ

မြို့နယ်ပညာရေးကောင်စီကို မြို့နယ်အတွင်းရှိ ကျောင်းအုပ်ချုပ်ရေးကောင်စီများမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များ၊ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံ အုပ်ချုပ်ရေးကောင်စီများမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များ၊ ပုဂ္ဂလိက ပညာရေးကဏ္ဍမှ ရွေးချယ် စေလွှတ်သော ကိုယ်စားလှယ်များ၊ ရပ်ရွာအခြေပြုကျောင်းများမှ ကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂ၊ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ ရှေးဦးကလေးသူငယ် ပညာရေးနှင့်စောင့်ရှောက်မှုကိုယ်စားလှယ်များ၊ အသက်မွေးဝမ်းကြောင်းပညာရေး ကိုယ်စားလှယ်များ၊ ဘာသာရေးအခြေပြုကျောင်း ကိုယ်စားလှယ်များ၊ တိုင်းရင်းသားပညာရေး ဌာနများနှင့် တိုင်းရင်းသားပညာရေးအစုအဖွဲ့များ၊ ကျောင်းပြင်ပ ပညာရေးနှင့် ပုဂ္ဂလိက ကဏ္ဍမှ (Non-formal Education and Private Sector)) တာဝန်ရှိသူများဖြင့် ဖွဲ့စည်းရမည်။ မြို့နယ်အတွင်းရှိ ကျောင်းများ၏ လိုအပ်ချက်များ ဖြည့်ဆည်းခြင်း၊ ဆရာ၊ ဆရာမများ၏ လိုအပ်ချက်များ ဖြည့်ဆည်းခြင်း၊ မြို့နယ်ပညာရေး လုပ်ငန်းများအတွက် လိုအပ်သော ဘဏ္ဍာငွေလျာထားခြင်း စသည်တို့ကို ဆောင်ရွက်မည်။

## ၁ (ဃ) ပြည်နယ်ပညာရေးကောင်စီ

ပြည်နယ်ပညာရေးကောင်စီကို မြို့နယ်ပညာရေးကောင်စီများမှ ရွေးချယ်စေလွှတ်သည့် ကိုယ်စားလှယ်များ၊ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံ အုပ်ချုပ်ရေးကောင်စီများမှ ရွေးချယ်စေလွှတ်သည့် ကိုယ်စားလှယ်များ၊ ပညာရှင်များ တိုင်းရင်းသားပညာရေးဌာနများနှင့် တိုင်းရင်းသားပညာရေး အစုအဖွဲ့များ၊ Non Formal Education နှင့် Private Sector ကဏ္ဍမှတာဝန်ရှိသူများ ဖြင့် ဖွဲ့စည်းမည်။ ပြည်နယ်ပညာရေးကောင်စီသည် ပြည်နယ်ပညာရေး မူဝါဒချမှတ်ခြင်း၊ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံများ ထူထောင်ခြင်း၊ ကျောင်းများတိုးချဲ့ခြင်း၊ သင်ရိုးညွှန်းတမ်းရေးဆွဲခြင်း၊ ပြည်နယ်ပညာရေး လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲခြင်း၊ ပြည်နယ်ပညာရေးလုပ်ငန်းများအတွက် လိုအပ်သော ဘဏ္ဍာငွေလျာ ထားခြင်း ၊ ဘဏ္ဍာငွေထူထောင်ခြင်း စသည်တို့ကို ဆောင်ရွက်မည်။ ပြည်နယ်ပညာရေးမူဝါဒကိုရေးဆွဲရာတွင် ဖက်ဒရယ်ဒီမိုကရေစီအခြေခံဥပဒေနှင့် ဖက်ဒရယ် ဒီမိုကရေစီပညာရေးမူဝါဒများနှင့် အညီ ရေးဆွဲမည်။ ပြည်နယ် ပညာရေးကောင်စီသည် သက်ဆိုင်ရာပြည်နယ်အတွင်းရှိ လူမျိုးစုဒေသ အသီးသီးနှင့် ဝေးလံသော ဒေသအားလုံးအတွက် ပညာရေးအခွင့်အလမ်းညီမျှအောင် ဆောင်ရွက်မည်။ ပြည်နယ်တစ်ခုနှင့်တစ်ခုကြား ပညာရေးဆိုင်ရာ ကိစ္စများကို ညှိနှိုင်း ဆောင်ရွက်မည်။

## ၁(င) ဖက်ဒရယ်ပညာရေးကောင်စီ

ဖက်ဒရယ်ပညာရေးကောင်စီကို ပြည်နယ်ပညာရေးကောင်စီများမှ ရွေးချယ်စေလွှတ်သည့် ကိုယ်စားလှယ်များ၊ ပညာရေး အရည်အသွေးဆိုင်ရာ ဆောင်ရွက်သည့် ပညာရှင်များဖြင့် ဖွဲ့စည်းမည်။ ဖက်ဒရယ်ပညာရေးကောင်စီသည် ပညာရေး အရည်အသွေး မြှင့်တင်ရေး ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သင်ရိုးညွှန်းတမ်းအညွှန်းဘောင် (curriculum framework) ရေးဆွဲခြင်း၊ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံ ပဋိညာဉ်အညွှန်းဘောင် (charter framework) ရေးဆွဲခြင်း၊

ပြည်နယ်အားလုံး ပညာရေးအခွင့်အလမ်းညီမျှစေရန် ဆောင်ရွက်ခြင်း၊ ပြည်နယ်အားလုံး၏ ပညာရေးသတင်းအချက်အလက်များ စုဆောင်းထိန်းသိမ်းခြင်း၊ သုတေသန ပြုခြင်း၊ စသည်တို့ကို ဆောင်ရွက်မည်။ ပြည်နယ်အသီးသီး၏ ပညာရေးဆိုင်ရာ ကိစ္စများကို ဖက်ဒရယ်ပြည်ထောင်စု အကြီးအကဲထံ အစီရင်ခံတင်ပြမည်။

## ၁(စ) ပညာရေးကောင်စီများ၏ ဖွဲ့စည်းပုံနှင့်သက်တမ်း

ပညာရေးကောင်စီအဆင့်ဆင့်၏ ဖွဲ့စည်းပုံနှင့်သက်တမ်းကို သက်ဆိုင်ရာအဆင့် အသီးသီးတွင် အကျေအလည်ညှိနှိုင်း၍ ဖက်ဒရယ်ဒီမိုကရေစီပညာရေးဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းမည်။ ပညာရေးကောင်စီအဆင့်ဆင့်တွင် လစ်လပ်သွားသော နေရာများ အတွက် သက်ဆိုင်ရာကဏ္ဍများမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များဖြင့် အစားထိုးဖြည့်ဆည်းသွားမည်။

## ၂။ ဖက်ဒရယ်ဒီမိုကရေစီပညာရေးစနစ်တည်ဆောက်ပုံ (Academic Structure)

ဖက်ဒရယ်ဒီမိုကရေစီပညာရေးစနစ်ကို ပြည်နယ် (ဖက်ဒရယ်ယူနစ်) များအလိုက် အကောင်အထည် ဖော်ဆောင်ရွက်မည်။ ဖက်ဒရယ်ဒီမိုကရေစီပညာရေးစနစ် တည်ဆောက် ပုံကို အောက်ပါ ပုံကားချပ် (၂) တွင် ဖော်ပြထားပြီး အဓိကပညာရေးကဏ္ဍ လေးခု ပါဝင်ပါသည်။

(က) ရှေးဦးကလေးသူငယ်ပညာရေးနှင့် စောင့်ရှောက်မှု


(ခ) အခြေခံပညာရေး

(ဂ) အသက်မွေးဝမ်းကြောင်းပညာရေး

(ဃ) အဆင့်မြင့်ပညာရေး (တက္ကသိုလ်/ ကောလိပ်/ သိပ္ပံ)

၂၀၂၃ ခုနှစ်၊ မေလ (၈) ရက်နေ့ NUCC တွင် ဆွေးနွေးအတည်ပြုသည်။

ပုံကားချပ် (၂) ဖက်ဒရယ်ဒီမိုကရေစီပညာရေးစနစ်တည်ဆောက်ပုံ (Academic Structure)




မှတ်ချက်။ ရှေးဦးကလေးသူငယ်ပညာရေးနှင့် စောင့်ရှောက်မှုသည် မွေးကင်းစမှ အသက် ၈ နှစ် အထိဖြစ်သည်။

အထက်ပါပုံကားချပ် (၂) တွင် အပြာရောင်မျဉ်းများသည် ကဏ္ဍတစ်ခုနှင့်တစ်ခု ချိတ်ဆက်မှုကို ဖော်ပြသည်။ မြှားဦးသည် ချိတ်ဆက်မှု၏ ဦးတည်ရာကို ဖော်ပြသည်။ အထက်ပါပညာရေး ကဏ္ဍများ၏ အသေးစိတ်အချက်အလက်များ ကို အောက်တွင်ဖော်ပြထားပါသည်။

ဖက်ဒရယ်ဒီမိုကရေစီပညာရေးစနစ်တွင် မြန်မာနိုင်ငံအစိုးရအဆက်ဆက်ကဖွင့်လှစ်ခဲ့သော ကျောင်း/ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံများ၊ တိုင်းရင်းသားအခြေပြုကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၊ ခရစ်ယာန်ဘုရားကျောင်းအခြေပြု ပညာရေး ကျောင်းများ၊ အခြားဘာသာရေးအသင်းအဖွဲ့များမှ ဖွင့်လှစ်သောကျောင်းသော ကျောင်းများ၊ ဒေသန္တရ အဖွဲ့အစည်းပိုင်ကျောင်းများ၊ ရွှေ့ပြောင်းဒေသ ကျောင်းများ၊ ရပ်ရွာအခြေပြုကျောင်းများ၊ နွေဦးတော်လှန်ရေး ကာလဖွင့်လှစ်သော ကျောင်းများ အားလုံး အကျုံးဝင်ပါသည်။

## ၃။ ရှေးဦးကလေးသူငယ်ပညာရေးနှင့် စောင့်ရှောက်မှု

ရှေးဦးကလေးသူငယ်ပညာရေးနှင့် စောင့်ရှောက်မှုကိုမွေးကင်းစမှ အသက် ၈ နှစ်အထိ ဆောင်ရွက်မည်။ သက်ဆိုင်ရာမြို့နယ်အတွင်းနေထိုင်သော ကလေးများအတွက် မြို့နယ်ပညာရေး ကောင်စီသည် သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မည်။ အသက် ၅ နှစ်မှ ၆ နှစ် အထိ မသန်စွမ်းကလေးများ အပါအဝင်ကလေးများသည် မူလတန်းကျောင်းများတွင် မူလတန်းကြို တစ်နှစ် တက်ရောက်မည်။ အသက် ၆ နှစ်မှစ၍ မူလတန်းပညာကို ဆက်သင်ယူမည်။ ရှေးဦးကလေး သူငယ်ပညာရေးနှင့် စောင့်ရှောက်မှုကို အခမဲ့ဆောင်ရွက်မည်။

## ၄။ အခြေခံပညာရေး

အခြေခံပညာရေးသည် မူလတန်းကြိုမှစ၍ ၁၂ တန်းပြီးသည်အထိ ဖြစ်ပြီး အခမဲ့ပညာရေးစနစ် ကျင့်သုံးမည်။ ပညာရေးစနစ်ဖွဲ့စည်းပုံမှာ ၁-၆-၃-၃ စနစ်ဖြစ်သည်။ မူလတန်းကြိုမှ အလယ်တန်းပညာ ပြီးဆုံးသည်အထိ (၉ တန်း ပြီးသည်အထိ) မသင်မနေရပညာရေးအဖြစ် ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်မည်။ မသင်မနေရပညာရေးသည် ကျောင်းပညာရေးသာမက ကျောင်းပြင်ပ ပညာရေးဖြစ်သည့် နေအိမ်သင် ပညာရေး (Home Schooling) ၊ နှင့်ရပ်ရွာအခြေပြုပညာရေး (Community-Based Education) များလည်း အကျုံးဝင်သည်။

အလယ်တန်းပညာပြီးဆုံးသောကျောင်းသားများအတွက်ရွေးချယ်စရာပညာရေးလမ်းကြောင်း နှစ်ခု ထားရှိသည်။ အခြေခံပညာအထက်တန်းနှင့် သက်မွေးပညာအထက်တန်းကျောင်းများသို့ ရွေးချယ် တက်ရောက်ခွင့် ရှိသည်။ လမ်းကြောင်းတစ်ခုကို ရွေးချယ်ပြီး မနှစ်သက်ပါက အခြားလမ်းကြောင်းသို့ ပြောင်းခွင့်ရှိသည်။ သက်မွေးပညာ အထက်တန်းကျောင်းများတွင် သက်မွေးပညာဘာသာရပ်များနှင့် အတူ အခြေခံပညာအထက်တန်း ဘာသာရပ်များ ပေါင်းစပ် သင်ကြားမည်။

အကြောင်းအမျိုးအမျိုးကြောင့် ငယ်စဉ်ကအခြေခံပညာပြီးဆုံးအောင် သင်ယူခွင့် မရခဲ့သူများ အတွက် ပြင်ပဖြေအခြေခံပညာအထက်တန်းစာမေးပွဲများကို ပြည်နယ်ပညာရေးကောင်စီများက သက်ဆိုင်ရာ ပြည်နယ်အလိုက်ကျင်းပပေးမည်။ ပြင်ပဖြေအခြေခံပညာ အထက်တန်း စာမေးပွဲများကို အသက် (၁၈)နှစ် ပြည့်ပြီး မည်သည့်အသက်အရွယ်မဆို မည်သည့်အတန်း အောင်လက်မှတ်မျှ မလိုဘဲ မိမိကိုယ်တိုင် လေ့လာသင်ယူ၍ ဝင်ရောက်ဖြေဆိုနိုင်သည်။

အခြေခံပညာရေးတွင် အသက်အရွယ်နှင့်ကိုက်ညီသည့် အတန်း သို့မဟုတ် မိမိတက်လိုသည့် အတန်းကို လွတ်လပ်စွာရွေးချယ်၍တက်ရောက် ဖြေဆိုခွင့်ရှိသည်။ အခြေခံပညာအထက်တန်း၊ သက်မွေးပညာအထက်တန်းနှင့် ပြင်ပဖြေအခြေခံပညာ အထက်တန်း စာမေးပွဲအောင်မြင်သူများသည် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များသို့ဖြစ်စေ၊ အသက်မွေးဝမ်းကြောင်း ဆိုင်ရာ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံများသို့ဖြစ်စေ ဝင်ခွင့်လျှောက်ထားနိုင်သည်။ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံတို့၏ လိုအပ်ချက်များအရ ဝင်ခွင့်စာမေး ပွဲများဖြင့် ရွေးချယ် လက်ခံနိုင် သည်။

အခြေခံပညာရေးသည်လူတိုင်းအကျုံးဝင် (Inclusive) ပညာရေးဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ အားလုံး ပညာရေးအခွင့်အလမ်း သာတူညီမျှ (Equity) ရှိရန်နှင့်အရည်အသွေး (Quality) ရှိသော ပညာရေးကို တန်းတူညီမျှ လူတိုင်း ရရှိစေရန်ဆောင်ရွက်မည်။ စဉ်ဆက်မပြတ် ပညာသင်ယူခွင့် မဆုံးရှုံးစေရန် ဆက်လက်ပညာသင်ကြားရေး အခက်အခဲရှိသည့် ကျောင်းသား/သူများအတွက် အထူးအစီအစဉ်များ ထားရှိမည်။ ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့မိသားစုဝင်များ၊ စာသင်ကျောင်းများနှင့် ဝေးကွာလွန်းသော လုပ်ငန်းခွင်ရှိ ကလေးများအတွက် ပညာသင်ယူခွင့် ရရှိစေရန် ကူညီပံ့ပိုးမှုများ ဆောင်ရွက်မည်။ စက်ရုံများ၊ စိုက်ခင်းများ အစရှိသည့် လုပ်ငန်းခွင်များတွင်ရောက်ရှိနေသော ကလေးများအတွက် ကျောင်းပို့၊ ကျောင်းကြို အစီအစဉ်များကိုလည်းသက်ဆိုင်ရာ မြို့နယ်ပညာရေး ကောင်စီများက စီစဉ်ဆောင်ရွက်မည်။ အကျဉ်းထောင်များတွင်ရောက်ရှိနေသော ကလေးများ ပညာသင်ယူနိုင်ရန်လည်း ဆောင်ရွက်မည်။ အိမ်ယာအတည်တကျနေထိုင်နိုင်မှုမရှိသောသူများနှင့် ၎င်းတို့၏ ကလေးသူငယ်များအတွက် ပညာဆက်လက်သင်ကြားပိုင်ခွင့်၊ မသင်မနေရ အခမဲ့ပညာရေးစနစ်တွင် ဝင်ရောက်ရန် ကူညီပံ့ပိုးပေးရမည်။

ကျောင်းသား ကျောင်းသူများသင်ယူမှု ပိုမိုထိရောက်စေရန် လူမှုရေး ပြဿနာနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများကို သက်သာစေရန် အကူအညီနှင့် အကြံဉာဏ်များ ပေးသည့် (Counselling) အစီအစဉ်များလည်းထားရှိမည်။ အခြေခံပညာအလယ်တန်းပြီးဆုံး၍ အခြေခံပညာအထက်တန်းနှင့် သက်မွေးပညာအထက်တန်း လိုင်းခွဲနှစ်ခု ရွေးချယ်သည့် အချိန်တွင် သတင်းအချက်အလက်ပြည့်ပြည့်စုံစုံနှင့် ရွေးချယ်နိုင်သည့်အစီအစဉ် (Career Guidance) များလည်း ထားရှိမည်။

ကျောင်းများတွင် မသန်စွမ်းကျောင်းသား၊ ကျောင်းသူများ တက်ရောက်နိုင်ရန် ဆရာ၊ ဆရာမများကို အထူးပညာရေးဆိုင်ရာနှင့် လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ သင်ကြားသင်ယူမှုနည်းပညာများ

ကွမ်းကျင်မှုရှိစေရန် ဆောင်ရွက်မည်။ စာသင်ကျောင်းများသည်လူတိုင်းလက်လှမ်းမီသုံးစွဲနိုင်ပြီး အများသုံးပုံစံနှင့်ကိုက်ညီသည့်လမ်းများနှင့် အဆောက်အအုံများ ဖြစ်အောင်ဆောင်ရွက်မည်။

မသန်စွမ်းကျောင်းသားကျောင်းသူများအတွက် အထူးလိုအပ်ချက်အရဖွင့်လှစ်သည့်ကျောင်းများ (ဥပမာ၊ အကြားအာရုံအားနည်းသော ကျောင်းသား၊ ကျောင်းသူများအတွက်ကျောင်းများ၊ အမြင်အာရုံ အားနည်းသော ကျောင်းသား၊ ကျောင်းသူများအတွက်ကျောင်းများ) ကိုလည်း ဖွင့်လှစ်ခွင့်ရှိသည်။

ရှေးဦးကလေးသူငယ်ပညာရေးနှင့် အခြေခံပညာရေးတွင်မိခင်ဘာသာစကားအခြေပြု ဘာသာ စကားစုံ ပညာရေး (Mother Tounge-Based Multilingual Education - MTB-MLE) နှင့် ယဉ်ကျေးမှုစုံပညာရေး (Multicultural Education) စနစ်များ အကောင်အထည်ဖော်နိုင်ရန် ပံ့ပိုးဆောင်ရွက်မည်။

၂၀၂၃ ခုနှစ်၊ မေလ (၈) ရက်နေ့ NUCC တွင် ဆွေးနွေးအတည်ပြုသည်။

## ၅။ အသက်မွေးဝမ်းကြောင်းပညာရေး

အသက်မွေးဝမ်းကြောင်းပညာရေးတွင် ကဏ္ဍလေးခုပါဝင်ပြီး ကဏ္ဍတစ်ခုနှင့်တစ်ခုချိတ်ဆက်မှု ရှိပါသည်။ အသက်မွေးဝမ်းကြောင်းပညာသည် မသန်စွမ်းသူများအပါအဝင် လူတိုင်းအကျုံးဝင် ပညာရေးဖြစ်သည်။

(က) သက်မွေးပညာအထက်တန်း

(ခ) သက်မွေးပညာသင်တန်းများနှင့်ကျောင်းများ

(ဂ) သက်မွေးပညာကောလိပ်/သိပ္ပံ

(ဃ) အဆင့်မြင့်သက်မွေးပညာအသိအမှတ်ပြုမှုများ

သက်မွေးပညာဘာသာရပ်များတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆောက်လုပ်ရေး၊ စက်မှု၊ လူမှုစောင့်ရှောက်ရေး၊ စားသောက်ကုန် ထုတ်လုပ်ရေး၊ ဟော်တယ်နှင့် ခရီးသွား၊ စာရင်းကိုင်ပညာ၊ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ (ICT) စသည့် ဘာသာရပ်များသာမက အားကစားနှင့် အနုပညာဘာသာရပ်များလည်းပါဝင်ပါသည်။ စွန့်ဦးတီထွင် ဖန်တီးမှုများကိုလည်း အားပေးပါသည်။ သက်မွေးပညာသင်ယူသူများသည် လုပ်ငန်းခွင်ဝင်ရန် အဆင်သင့်ဖြစ်ရုံမျှမက တက္ကသိုလ်ပညာရပ်များကိုလည်း ဆက်လက်ဆည်းပူး နိုင်ပါသည်။ အဆင့်မြင့် သက်မွေးပညာရပ်ဆိုင်ရာ အသိအမှတ်ပြုမှုများလည်း ရရှိနိုင်ပါသည်။ သက်မွေးပညာကဏ္ဍကို ပြည်နယ် (ဖက်ဒရယ်ယူနစ်) များက သက်ဆိုင်ရာပြည်နယ်နှင့်ကိုက်ညီသော ဘာသာရပ်များကို ရွေးချယ်သင်ကြားနိုင်ပါသည်။

အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူများသည် အခြေခံပညာအထက်တန်းနှင့် သက်မွေးပညာအထက်တန်း လမ်းကြောင်းနှစ်ခုအနက်နှစ်သက်ရာကို ရွေးချယ်နိုင်သည်။ လမ်းကြောင်းတစ်ခုကို ရွေးချယ်ပြီး မနှစ်သက်ပါက အခြားလမ်းကြောင်းသို့ ကူးပြောင်း ပိုင်ခွင့်ရှိသည်။ သက်မွေးပညာ အထက်တန်းရွေးချယ်သင်ယူသူများသည် သင်တန်းကာလ (၃) နှစ်တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သက်မွေးပညာ အောင်လက်မှတ် ရရှိမည်ဖြစ်သည်။ သက်မွေးပညာအထက်တန်း အောင်မြင်သူများသည် တက္ကသိုလ်/ ကောလိပ်/ သိပ္ပံများသို့ ဝင်ခွင့်လျှောက်ထားပိုင်ခွင့်ရှိသည်။ တက္ကသိုလ် ကောလိပ်များက စစ်ဆေး လက်ခံပြီး လိုအပ်ချက်ရှိသည်များကို ဖြည့်ဆည်း၍ သင်ယူနိုင်အောင် ဆောင်ရွက်မည်။ အသက်မွေးဝမ်းကြောင်းဆိုင်ရာလုပ်ငန်းခွင်များသို့လည်းဝင်ရောက်နိုင်သည်။
သက်မွေးပညာအထက်တန်းကျောင်းများတွင် စဉ်ဆက်မပြတ် ပညာသင်ယူခွင့် မဆုံးရှုံးစေရန် ဆက်လက်ပညာသင်ကြားရေး အခက်အခဲရှိသည့် ကျောင်းသား/သူများအတွက် အထူး အစီအစဉ်များ ထားရှိမည်။ အသက်မွေးဝမ်းကြောင်းဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများကို ရရှိအောင် စီစဉ်ပေးမည်။ အကျဉ်းကျနေသူများနှင့် အကျဉ်းကျသူများ၏ သားသမီးများအတွက် ဆက်လက်ပညာသင်ကြားနိုင်ရေး အခွင့်အလမ်းများ ဆောင်ရွက်ပေးရမည်။ ဘာသာစကားကို ရုံးသုံးဘာသာစကားနှင့် ဒေသသုံးဘာသာစကားများကိုပါ အသုံးပြုသင်ကြားမည်။

အလယ်တန်းပညာမပြီးဆုံးမီ သက်မွေးသင်တန်းကျောင်းများတွင် တက်ရောက် သင်ကြားသူများ သည် သတ်မှတ်သည့် အရည်အချင်းပြည့်မီပါက သက်မွေးပညာကောလိပ်နှင့် သိပ္ပံများတွင်

ဆက်လက် သင်ကြားပိုင်ခွင့်ရှိသည်။ အခြေခံပညာအထက်တန်း၊ သက်မွေးပညာ အထက်တန်းနှင့် ပြင်ပဖြေအခြေခံပညာ စာမေးပွဲအောင်မြင်သူများသည်လည်း သက်မွေးပညာ ကောလိပ်နှင့် သိပ္ပံများတွင် ဆက်လက်သင်ကြားပိုင်ခွင့်ရှိသည်။ သက်မွေးပညာကောလိပ်နှင့် သိပ္ပံများမှ အောင်မြင်သူများသည် တက္ကသိုလ်များတွင်ဝင်ခွင့်လျှောက်ထားနိုင်သည်။ တက္ကသိုလ်များက လိုအပ်ချက်နှင့်အညီ စစ်ဆေးလက်ခံမည်။ သက်မွေးပညာရွေးချယ်သူများအတွက် အဆင့်မြင့် သက်မွေးပညာ အသိအမှတ်ပြုသည့် အစီအစဉ်များလည်း ထားရှိသည်။ အခြေခံပညာအဆင့် သက်မွေးအထက်တန်းကျောင်းများ၊ သင်တန်းများသည် သက်ဆိုင်ရာမြို့နယ် ဖက်ဒရယ်ယူနစ် အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ပညာရေးဆိုင်ရာလုပ်ငန်းများ အတူတကွ ပူးပေါင်း ဆောင်ရွက်ခွင့်ရှိသည်။

ပြည်ထောင်စုတစ်ဝှမ်းရှိ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ကျောင်းများ၊ သိပ္ပံများ၊ ကောလိပ်များ၊ တက္ကသိုလ်များ၏ အရည်အသွေး၊ သင်ရိုးညွှန်းတမ်းနှင့် အသက်မွေးဝမ်းကြောင်းသင်ဆရာ၊ ဆရာမများဖွံ့ဖြိုးရေး စသည့် အရေးကိစ္စများ ပူးပေါင်းဆောင်ရွက်ရန် ဖက်ဒရယ်ပြည်ထောင်စု အဆင့် သက်မွေးပညာကောင်စီ ဖွဲ့စည်းခွင့်ရှိသည်။ သက်မွေးပညာကောင်စီသည် သင်ရိုးညွှန်းတမ်းနှင့် အရည်အသွေးဆိုင်ရာကိစ္စများတွင် ဖက်ဒရယ်ပညာရေးကောင်စီနှင့် ညှိနှိုင်း ဆောင်ရွက်မည်။ အသက်မွေးဝမ်းကြောင်းနည်းပညာဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မည်။

## ၆။ အဆင့်မြင့်ပညာရေး

အဆင့်မြင့်ပညာရေးကဏ္ဍတွင် နိုင်ငံပိုင်တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ပုဂ္ဂလိကတက္ကသိုလ်နှင့် ကောလိပ်များ ပါဝင်သည်။ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံ အားလုံးသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိပြီး ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးမူဝါဒနှင့်အညီ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံ အုပ်ချုပ်ရေး ကောင်စီ ဖွဲ့စည်းမည်။ စီမံခန့်ခွဲရေးကို ပဋိညာဉ်နှင့်အညီဆောင်ရွက်မည်။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၏ ပဋိညာဉ်ကို ရေးဆွဲရာတွင် ဖက်ဒရယ်ပညာရေးကောင်စီက ချမှတ်သည့် ပဋိညာဉ်အညွှန်းဘောင်အား လမ်းညွှန်အဖြစ် အသုံးပြုရမည်။ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံအုပ်ချုပ်ရေးကောင်စီမှ ရွေးချယ် စေလွှတ်သည့်ကိုယ်စားလှယ်များသည်သက်ဆိုင်ရာ မြို့နယ်ပညာရေးကောင်စီနှင့် ပြည်နယ် ပညာရေးကောင်စီတို့တွင်ပါဝင်ပြီး ပညာရေးဆိုင်ရာအကြံဉာဏ်များ ပေးအပ်မည်။

ဤဖက်ဒရယ်ဒီမိုကရေစီပညာရေးမူဝါဒကို စတင်အကောင်အထည်ဖော်ပြီး ၅ နှစ်အတွင်း ပြည်နယ်အသီးသီးရှိတက္ကသိုလ်/ ကောလိပ်/ သိပ္ပံ အုပ်ချုပ်ရေးကောင်စီများ ညှိနှိုင်းပေါင်းစပ်၍ သဘာဝ သိပ္ပံ (Natural Siences)၊ အသုံးချသိပ္ပံ (Applied Sciences)၊ လူမှုသိပ္ပံ (Social Sciences)၊ လူမှုဘာသာရပ်များ (Humanities) နှင့်အသက်မွေးဝမ်းကြောင်း ပညာရပ်များပါဝင်သော ဘာသာရပ်စုံပြည်နယ်ဖက်ဒရယ်တက္ကသိုလ်များထူထောင်မည်။

အခြေခံပညာပြီးဆုံးအောင်မြင်ပြီးသောကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် နှစ်သက်ရာဘာသာရပ်ကို ရွေးချယ်လျှောက်ထားပိုင်ခွင့်ရှိသည်။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများက သက်ဆိုင်ရာဘာသာရပ်လိုအပ်ချက်များနှင့်အညီ စိစစ်လက်ခံမည်။ ကျောင်းသား၊ ကျောင်းသူများသည် ဘာသာရပ်တစ်ခုမှတစ်ခု၊ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံ တစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့လျှောက်ထားပိုင်ခွင့် ရှိသည်။ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံများက ကျောင်းသား၊ ကျောင်းသူများ၏ ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေး၍ သင်ယူနိုင်အောင် ဆောင်ရွက်ပေးမည်။ အခြေခံပညာပြီးဆုံးသော ကျောင်းသား/သူများသည် စဉ်ဆက်မပြတ် ပညာသင်ယူခွင့် မဆုံးရှုံးစေရန် အဆင့်မြင့်ပညာ ဆက်လက်သင်ကြားရေး အခက်အခဲရှိသည့် ကျောင်းသား/သူများအတွက် အထူးအစီအစဉ်များ ထားရှိမည်။ အကျဉ်းကျနေသူများနှင့် အကျဉ်းကျသူများ၏ သားသမီးများအတွက် ဆက်လက်ပညာသင်ကြားနိုင်ရေး အခွင့်အလမ်းများ ဆောင်ရွက်ပေးရမည်။

ဆရာ၊ ဆရာမများသည်နှစ်သက်ရာပြည်နယ်၊ နှစ်သက်ရာတက္ကသိုလ်/ ကောလိပ်/ သိပ္ပံသို့ ပြောင်းရွှေ့ လျှောက်ထားပိုင်ခွင့်ရှိသည်။ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံ အုပ်ချုပ်ရေးကောင်စီသည် ပြောင်းရွှေ့ လျှောက်လွှာများ လက်ခံခြင်း၊ ဆရာ၊ ဆရာမ အသစ်များခန့်ထားခြင်း၊ ဝန်ထမ်းများခန့်ထားခြင်း၊ ရာထူးတိုးခြင်း ကိစ္စများကိုပဋိညာဉ်နှင့်အညီဆောင်ရွက်မည်။

အဆင့်မြင့်ပညာရေးတွင်ပထမဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့များအပ်နှင်းသည့် အဆင့်(၃) ဆင့်ပါဝင်ပါသည်။ ဘွဲ့အသီးသီးအတွက် အချိန်ကာလသတ်မှတ်ချက်ကို သက်ဆိုင်ရာ ဘာသာရပ် လိုအပ်ချက်များအရ တက္ကသိုလ်အလိုက်သတ်မှတ်မည်။ ပထမဘွဲ့ရရှိသူများသည် မဟာဘွဲ့ သင်တန်းများကို လျှောက်ထားပိုင်ခွင့် ရှိပြီး သက်ဆိုင်ရာ တက္ကသိုလ်ကစိစစ်လက်ခံမည်။ မဟာဘွဲ့ ရရှိထားသူများသည် ပါရဂူဘွဲ့သင်တန်းများကို လျှောက်ထားပိုင်ခွင့်ရှိပြီး သက်ဆိုင်ရာတက္ကသိုလ်က စိစစ်လက်ခံမည်။

အဆင့်မြင့်ပညာရေး၏ အရည်အသွေးစံသတ်မှတ်ချက်များကို ဖက်ဒရယ်ပညာရေးကောင်စီက တက္ကသိုလ်/ ကောလိပ်/ သိပ္ပံအုပ်ချုပ်ရေးကောင်စီများ၊ ပညာရှင်များနှင့်ညှိနှိုင်းတိုင်ပင်၍ ရေးဆွဲချမှတ် မည်။ စစ်ဖက်ဆိုင်ရာတက္ကသိုလ်၊ ဘာသာရေးတက္ကသိုလ်နှင့် ပုဂ္ဂလိက တက္ကသိုလ်များ အပါအဝင် တက္ကသိုလ်/ ကောလိပ်/ သိပ္ပံ အားလုံး၏ အရည်အသွေးတိုင်းတာ စစ်ဆေးမှုကို ဖက်ဒရယ်ပညာရေး ကောင်စီက ဆောင်ရွက်မည်။

တက္ကသိုလ်များသည် သက်ဆိုင်ရာတက္ကသိုလ်အုပ်ချုပ်ရေးကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့် သင့်လျော်သည့် ဘာသာရပ်များအား သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ကိုအသုံးပြု၍ အဝေးသင်ပညာရေးစနစ် ဆောင်ရွက်နိုင်သည်။ အဝေးသင်ပညာရေးကို အရည်အသွေး ကောင်းအောင်ဆောင်ရွက်မည်။

**၇။ အရွယ်ရောက်ပြီးသူများ၏ပညာရေးနှင့်ရာသက်ပန်ပညာရေး**

ရာသက်ပန်ပညာရေးကိုလူတိုင်းရရှိအောင်ဆောင်ရွက်မည်။ အခြေခံပညာမှစ၍ ရာသက်ပန် သင်ယူနိုင်သည့် သင်ယူမှုနည်းလမ်းများကို အားပေးမြှင့်တင်မည်။ အခြေခံပညာ၊ သက်မွေးပညာ၊ တက္ကသိုလ်ပညာရပ်များကိုမည်သည့် အသက်အရွယ်မဆိုသင်ယူခွင့်ရှိပြီး သင်ယူနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးမည်။

အခြေခံပညာပြီးဆုံးခြင်းမရှိခဲ့သော အရွယ်ရောက်ပြီးသူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန် အတွက်ပြင်ပဖြေအခြေခံပညာပြီးဆုံးကြောင်းစာမေးပွဲများကို ပြည်နယ်ပညာရေး ကောင်စီများက စီစဉ်ကျင်းပပေးမည်။ ထို့အပြင်အခြေခံပညာပြီးဆုံးကြောင်း လက်မှတ်ပြရန် မလိုဘဲ တက္ကသိုလ်တွင် ပို့ချသည့်ဘာသာရပ်များကို လေ့လာသင်ယူနိုင်သည့် အလွတ်သင် တက္ကသိုလ် ပညာရေးအစီအစဉ် (Open University Studies) များကိုလည်း အရွယ်ရောက်ပြီးသူများအတွက် စီစဉ်ဆောင်ရွက်မည်။ လုပ်ငန်းခွင်များတွင် တာဝန်ထမ်းဆောင်နေသူများ၏ ဆက်လက်ပညာ သင်ယူခွင့်ကို အခြေခံသည့် ပညာရေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။ ပညာဆက်လက်သင်ယူရေးအတွက် အထူးအစီအစဉ်များထားရှိမည်။

အကြောင်းအမျိုးမျိုးကြောင့် ငယ်စဉ်က ကျောင်းပညာသင်ယူခြင်းမရှိခဲ့သော အရွယ်ရောက်ပြီး သူများအတွက် အသုံးချ စာတတ်မြောက်မှု (Functional Literacy) သင်တန်းများ စီစဉ်ဆောင်ရွက်မည်။ ပြည်နယ်အသီးသီးရှိမြို့နယ်များတွင် ရပ်ရွာသင်ကြားရေးဌာနများ (Community Learning Centers) ဖွင့်လှစ်၍ အသုံးချစာတတ်မြောက်မှုသင်တန်းများ၊ အသက်မွေး ဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်အောင်စီစဉ်ဆောင်ရွက်မည်။ အကျဉ်းထောင်များတွင် ရောက်ရှိနေသော အခြေခံပညာကျောင်းသားများနှင့် တက္ကသိုလ်/ ကောလိပ်/ သိပ္ပံ ကျောင်းသားများ၏ ပညာသင်ကြားရေးသာမက အခြားအရွယ်ရောက်ပြီးသူများ၏ ရာသက်ပန်ပညာရေးကိုလည်း ဆောင်ရွက်မည်။

## ၈။ မသန်စွမ်းသူများနှင့် အထူးလိုအပ်ချက်ရှိသူများအတွက်ပညာရေး

မသန်စွမ်းသူများဆိုသည်မှာ ခန္ဓာကိုယ်၊ အမြင်အာရုံ၊ အကြားအာရုံနှင့် ဉာဏ်ရည် မသန်စွမ်းသူများကို ဆိုလိုသည်။ အထူးပညာရေးလိုအပ်ချက်ရှိသူများဆိုသည်မှာ ခန္ဓာကိုယ်အရ သော်လည်းကောင်း၊ ဦးနှောက်ဖွံ့ဖြိုးမှုအရသော် လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုအရ သော်လည်းကောင်း၊ လူမှုရေးဆိုင်ရာခံစားချက်များကြောင့်သော် လည်းကောင်း၊ ဘာသာစကားကြောင့် လည်းကောင်း ပညာသင်ယူရန်အခက်အခဲရှိသူများကိုဆိုလိုသည်။

မသန်စွမ်းသူများနှင့် ပညာရေးအထူးလိုအပ်ချက်ရှိသူများအတွက် လူတိုင်းအကျုံးဝင်ပညာရေးကို ဆောင်ရွက်မည်။ လူတိုင်းအကျုံးဝင်ပညာရေးဆိုသည်မှာ မသန်စွမ်းသူများအပါအဝင် အကြောင်း အမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို ကျောင်းပညာရေး သို့မဟုတ်ကျောင်းပြင်ပ ပညာရေးတစ်ခုခုတွင် ပညာသင်ယူဆည်းပူးခွင့် ရရှိစေရန်အခွင့်အလမ်း ဖန်တီးပေးသည့် အစီအစဉ်ကို ဆိုလိုသည်။

မသန်စွမ်းသူများနှင့် ပညာရေးအထူးလိုအပ်ချက်ရှိသူများသည် နိုင်ငံတစ်ဝှမ်းရှိအခြေခံ ပညာကျောင်းများ၊ သက်မွေးပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် တက်ရောက် သင်ကြားပိုင်ခွင့်ရှိသည်။ ကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များသည် မသန်စွမ်းသူများနှင့် အထူးလိုအပ်ချက်ရှိသူများအတွက် သင်ကြားရေးဆိုင်ရာ နည်းစနစ်များနှင့် ပစ္စည်းကိရိယာများ ပံ့ပိုးပေးမည်။ ဥပမာ၊ အမြင်အာရုံချို့တဲ့သူများအတွက်စာ (Braille)၊ အကြားအာရုံချို့တဲ့သူများ အတွက် လက်သင်္ကေတပြဘာသာစကား (Sign Language)။ ကျောင်းအဆောက်အအုံများ သည်လည်း မသန်စွမ်းသူများအတွက် အဆင်ပြေသည့် လူတိုင်းလက်လှမ်းမီ သုံးစွဲနိုင်ပြီး အများသုံးပုံစံနှင့် ကိုက်ညီသည့်အဆောက်အအုံများ ဖြစ်ရမည်။

အခြေခံပညာ၊ သက်မွေးပညာ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် မသန်စွမ်းသူများနှင့် အထူးလိုအပ်ချက်ရှိသူများ အတွက်လိုအပ်သော နည်းပညာများနှင့် ကျွမ်းကျင်သူများ ရောက်ရှိအောင်ဆောင်ရွက်မည်။ ဆရာအတတ်ပညာသင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် မသန်စွမ်းသူများနှင့် အထူးလိုအပ်ချက်ရှိသူများအတွက် ပညာရေးဘာသာရပ်ကိုထည့်သွင်း သင်ကြားမည်။ ကျောင်းသားကျောင်းသူများနှင့်မိဘများ၏လိုအပ်ချက်အရ မသန်စွမ်းသူများနှင့် အထူးလိုအပ်ချက်ရှိသူများအတွက် ဦးစားပေးဖွင့်လှစ်သော ကျောင်းများကို ပုဂ္ဂလိက ပညာရေး ကဏ္ဍမှလည်း ဆောင်ရွက်ခွင့်ရှိသည်။ အဆိုပါဖွင့်လှစ်ခွင့်ရှိသော ပုဂ္ဂလိက ပညာရေး ကဏ္ဍမှ ကျောင်းများသည် စီးပွားရေးအကျိုးအမြတ်အတွက် ဖွင့်လှစ်သော ကျောင်းများမဖြစ်စေရ။ အဆိုပါအထူးကျောင်းများကိုသက်ဆိုင်ရာ ပြည်နယ်အလိုက်ပြည်ထောင်စုဘဏ္ဍာမှ ပံ့ပိုးပေးမည်။

အကြားအာရုံချို့တဲ့သူများအတွက်လက်သင်္ကေတပြဘာသာစကား (Sign Language) ကို မိခင်ဘာသာစကားအဖြစ်သတ်မှတ်သည်။ မသန်စွမ်းသူများသည် ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ဆရာ၊ ဆရာမများအဖြစ်လည်းကောင်း၊ ရုံဝန်ထမ်းများအဖြစ်လည်းကောင်း ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

## ၉။ ပုဂ္ဂလိကပညာရေး

ပြည်နယ်အသီးသီးက တာဝန်ယူဖွင့်လှစ်သည့်ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ အားလုံးကို လူတိုင်းအကျုံးဝင်ရန်နှင့် အရည်အသွေးရှိရန်ဆောင်ရွက်သည်နှင့် တစ်ပြိုင်နက် ပုဂ္ဂလိကပညာရေး လွတ်လပ်ခွင့်ကိုလည်း အသိအမှတ်ပြုသည်။ ပုဂ္ဂလိကပညာရေးလွတ်လပ်ခွင့်ဆိုသည်မှာ အစိုးရ မဟုတ်သော ပညာရေးလုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့်ပုဂ္ဂိုလ်များ (Non-State Actors) က ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ တည်ထောင်ခွင့်နှင့် ပညာရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ကိုဆိုလိုသည်။ ပုဂ္ဂလိကကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ နှင့်ပညာရေးလုပ်ငန်းများသည် ဖက်ဒရယ်ဒီမိုကရေစီပညာရေးမူဝါဒကို လိုက်နာရမည်။ ထို့ပြင်ပုဂ္ဂလိက ပညာရေး လွတ်လပ်ခွင့် သည်ကျောင်းသား၊ ကျောင်းသူများ၏

ပညာရေးအခွင့်အရေးတန်းတူညီမျှမှုကို မထိခိုက်စေရန် လူ့အခွင့်အရေး ဆိုင်ရာစံနှုန်းများကို အပြည့်အဝလိုက်နာရမည်။

ပြည်ထောင်စုတစ်ဝှမ်း တည်ထောင်ထားကြသည့် တိုင်းရင်းသားအခြေပြုကျောင်းများ၊ ဘာသာရေး အခြေပြုကျောင်းများ၊ ရပ်ရွာအခြေပြုကျောင်းများ၊ မသန်စွမ်းသူများနှင့် ပညာရေး အထူးလိုအပ်ချက်ရှိသူများအတွက် ဖွင့်လှစ်သော ကျောင်းများ၊ အသင်းအဖွဲ့နှင့် ဖောင်ဒေးရှင်းများမှ ဖွင့်လှစ်သောကျောင်းများကို ပုဂ္ဂလိကပညာရေးလွတ်လပ်ခွင့်အရ ဖွင့်လှစ်သော ကျောင်းများအဖြစ် အသိအမှတ်ပြုသည်။

အိမ်နီးချင်းနိုင်ငံများတွင်ရောက်ရှိနေသည့်ရွှေ့ပြောင်းအလုပ်သမားများ၏ ကလေးများအတွက် ဖွင့်လှစ်ထားသောကျောင်းများ၊ ဒုက္ခသည်စခန်းများရှိကျောင်းများနှင့် စစ်ဘေးရှောင် ကလေးများအတွက် ဖွင့်လှစ်ထားသောကျောင်းများကို ရပ်ရွာအခြေပြုကျောင်းများ (Community Schools) အဖြစ်အသိအမှတ်ပြုသည်။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်သည့် အချိန်တွင်အဆိုပါကျောင်းများမှ ကျောင်းသားကျောင်းသူများသည် ပြည်တွင်းရှိအခြေခံပညာ ကျောင်းများတွင်တက်ရောက်ခွင့်ရှိသည်။ တော်လှန်ရေးကာလအတွင်း စစ်ဘေးရှောင်ရင်း အိမ်နီးချင်းနိုင်ငံများရှိ ကျောင်းများတွင် တက်ရောက်ပညာသင်ယူနေကြသော ကျောင်းသား၊ ကျောင်းသူများသည် ပြည်တွင်းရှိကျောင်းများတွင် ဆက်လက်ပညာသင်ယူခွင့်ရှိသည်။ ထိုသို့ ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် ပညာရေးအစီအစဉ်များ ထားရှိရမည်။ ဆရာဆရာမများ လည်း နိုင်ငံပိုင် ကျောင်းများတွင်ဖြစ်စေ၊ ပုဂ္ဂလိကလွတ်လပ်ခွင့်အရ ဖွင့်လှစ်သော ကျောင်းများတွင်ဖြစ်စေ ဆရာဆရာမများအဖြစ် သင်ကြားပိုင်ခွင့်ရှိသည်။ ဆရာဆရာမများ၏ အရည်အသွေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်။

ဤပညာရေးမူဝါဒကို စတင်အကောင်အထည်ဖော် ပြီးနောက် ပုဂ္ဂလိက ကျောင်း/တက္ကသိုလ်/ ကောလိပ်/ သိပ္ပံ ထူထောင်လိုသူများသည် သက်ဆိုင်ရာ ပြည်နယ်ပညာရေး မူဝါဒများနှင့်အညီ လျှောက်ထားနိုင်သည်။ ပုဂ္ဂလိကကျောင်းများ၏ အရည်အသွေးစစ်ဆေးမှုကို သက်ဆိုင်ရာပြည်နယ် ပညာရေးကောင်စီကဆောင်ရွက်မည်။ ပုဂ္ဂလိကတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၏ အရည်အသွေး စစ်ဆေးမှုကို ဖက်ဒရယ်ပညာရေးကောင်စီက ဆောင်ရွက်မည်။ ပုဂ္ဂလိကပညာရေးသည် ပညာရေးကို ရောင်းကုန်မဖြစ်စေရေးနှင့် စီးပွားရေး ဈေးကွက် မဖြစ်စေရန် ဖက်ဒရယ်ပညာရေး ကောင်စီမှ ကန့်သက်ပေးရန်လိုသည်။

## ၁၀။ သင်ရိုးညွှန်းတမ်း၊ သင်ကြားနည်းနှင့် စစ်ဆေးခြင်း

ဖက်ဒရယ်ပညာရေးကောင်စီသည်ပြည်နယ်ပညာရေးကောင်စီများ၊ သင်ရိုးညွှန်းတမ်းဆိုင်ရာ ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်၍ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တစ်ခုလုံးအတွက် သင်ရိုးညွှန်းတမ်းအညွှန်းဘောင် (Curriculum Framework) တစ်ခုရေးဆွဲမည်။ သင်ရိုးညွှန်းတမ်း

အညွှန်းဘောင်ကို ဖက်ဒရယ်ဒီမိုကရေစီပညာရေးမူဝါဒ၊ ပညာရေးအရည်အသွေးဆိုင်ရာ စံများနှင့်အညီအတည်ပြုမည်။

အခြေခံပညာရေးအတွက်ပြည်နယ်အလိုက်အခြေခံသင်ရိုး (Core Curriculum) ရေးဆွဲမည်။ ပြည်နယ်အခြေခံသင်ရိုးရေးဆွဲရာတွင် ပြည်နယ်ပညာရေးကောင်စီများက ဦးဆောင်ပြီး မြို့နယ်ပညာရေးကောင်စီဝင်များ၊ ပြည်နယ်အတွင်းနေထိုင်ကြသောလူမျိုးများ၏ ကိုယ်စားလှယ်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် အခြားပညာရေးနှင့်သက်ဆိုင်သူများ ညှိနှိုင်းတိုင်ပင်ရေးဆွဲမည်။ ပြည်နယ်အခြေခံ သင်ရိုးရေးဆွဲရာတွင် ဖက်ဒရယ်ပညာရေးကောင်စီက ထုတ်ပြန်သည့် သင်ရိုးညွှန်းတမ်း အညွှန်းဘောင် (Curriculum Framework) ကိုအခြေခံမည်။ ပြည်နယ်အခြေခံသင်ရိုး ညွှန်းတမ်းများကို ဖက်ဒရယ်ပညာရေးကောင်စီက အတည်ပြုမည်။

ပြည်နယ်တစ်ခုအတွင်းရှိ မြို့နယ်အသီးသီး၊ လူမျိုးစုဒေသအသီးသီးတို့သည် ပြည်နယ်အခြေခံ သင်ရိုးကို အခြေခံလျက် သက်ဆိုင်ရာမြို့နယ် (သို့မဟုတ်) လူမျိုးစုဒေသများနှင့်ကိုက်ညီသော ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း (Local Curriculum) များ ရေးဆွဲနိုင်သည်။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းသည် သက်ဆိုင်ရာဒေသတွင်နေထိုင်သော လူမျိုးများ၏စံတန်ဖိုးထားမှုများ၊ ယဉ်ကျေးမှုများ၊ ဒေသဆိုင်ရာအသိဉာဏ်များ၊ သမိုင်းများ၊ ဘာသာစကားများကို ထင်ဟပ်စေပေါ်လွင်စေမည်။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းများကို ပြည်နယ်ပညာရေးကောင်စီက ပြည်နယ်ပညာရေးမူဝါဒ၊ ပညာရေးအရည်အသွေးဆိုင်ရာ စံများနှင့်အညီအတည်ပြုမည်။

မသန်စွမ်းသူများနှင့် ပညာရေးအထူးလိုအပ်ချက်ရှိသူများအတွက်သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာ ကျွမ်းကျင်သူများက ပြင်ဆင်ရေးဆွဲပြီးဖက်ဒရယ်ပညာရေးကောင်စီက ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးမူဝါဒ၊ ပညာရေးအရည်အသွေးဆိုင်ရာစံများနှင့်အညီအတည်ပြုမည်။

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၏ သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာ ပညာရေးကောင်စီများက ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုသင်ရိုးညွှန်းတမ်းအညွှန်းဘောင်နှင့် ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးမူဝါဒများကို အခြေခံ၍ ရေးဆွဲမည်။ အဆိုပါတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၏ သင်ရိုးညွှန်းတမ်းကို ဖက်ဒရယ်ပညာရေးကောင်စီက ပညာရေးအရည်အသွေးဆိုင်ရာ စံများနှင့်အညီ အတည်ပြုမည်။

သက်မွေးပညာဘာသာရပ်များအတွက် သင်ရိုးညွှန်းတမ်းကို သက်မွေးပညာကျွမ်းကျင်သူများမှ ပြင်ဆင်ရေးဆွဲပြီး ဖက်ဒရယ်ပညာရေးကောင်စီက ဖက်ဒရယ်ဒီမိုကရေစီပညာရေးမူဝါဒ၊ ပညာရေး အရည် အသွေးဆိုင်ရာစံများနှင့်အညီအတည်ပြုမည်။

အထက်ဖော်ပြပါ သင်ရိုးညွှန်းတမ်းအညွှန်းဘောင် (Curriculum Framework)၊ ပြည်နယ် အခြေခံသင်ရိုးညွှန်းတမ်း (Core Curriculum)၊ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း (Local Curriculum) နှင့်တက္ကသိုလ်ကောလိပ်များ၏ သင်ရိုးညွှန်းတမ်းများသည် ကျောင်းသားကျောင်းသူများ၏ ဘဝတစ်

လျှောက်လုံးအသုံးဝင်မည့် စွမ်းရည်များ (Competencies) ကို ပေးအပ်နိုင်သည့် သင်ရိုးညွှန်းတမ်းများ ဖြစ်ရမည်။ လူမျိုးရေးအစွန်းရောက်မှုများ၊ ဘာသာရေးအစွန်းရောက်မှုများ၊ ခွဲခြားဆက်ဆံမှုများမှ ကင်းဝေးရမည်။ သင်ရိုးညွှန်းတမ်းများကို နှစ်စဉ်ပြန်လည်သုံးသပ်၍ လိုအပ်ချက်များကို ပြန်လည်ပြင်ဆင်ဖြည့်စွက်မည်။

သင်ကြားနည်းစနစ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဘာသာရပ်အတွက် ကျောင်းသားများနှင့် ကိုက်ညီသော သင်ကြားနည်းစနစ်များကို ဆရာဆရာမများက လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိသည်။ ဆရာဆရာမများအားလုံး သင်ကြားနည်းစနစ်အမျိုးမျိုး နားလည်တတ်ကျွမ်းစေရန် အားပေးမြှင့်တင်ပံ့ပိုးမည်။ အစဉ်အလာအသုံးပြုခဲ့သည့် ဖတ်စာအုပ်ပါစာများအား အလွတ်ကျက်မှတ်စေသည့်နည်းကို ရှောင်ရှား၍ သင်ယူမည့်အကြောင်းအရာများကို ကျောင်းသားများ ကိုယ်တိုင်စူးစမ်းလေ့လာခြင်း၊ သုတေသနပြုခြင်း၊ ကျောင်းသားများအချင်းချင်း ဆွေးနွေးခြင်း၊ ကျောင်းသားများ၏ အမြင်အယူအဆအမျိုးမျိုး ထွက်ပေါ်ခွင့်ပြုခြင်း၊ အကျိုးအကြောင်း အထောက်အထားများနှင့် ဖော်ပြတတ်ခြင်း၊ ဝေဖန်ပိုင်းခြားစဉ်းစားခြင်း စသည့် အသိဉာဏ်တည်ဆောက်ခြင်းဆိုင်ရာ နည်းစနစ်များကို အသုံးပြုမည်။ တက္ကသိုလ်ပညာရေးသည် သုတေသနကို အခြေပြုသည့်ပညာရေးဖြစ်သည်။

စစ်ဆေးခြင်း (Assessment) နှင့်ပတ်သက်၍ ဖတ်စာအုပ်ပါစာများအား မှတ်မိမှုကို တိုင်းတာသည့် စစ်ဆေးမှုမျိုးကို ရှောင်ရှား၍ ကျောင်းသားများ၏ လေ့လာသင်ယူမှု၊ အသိဉာဏ်တည်ဆောက်မှုနှင့် လွတ်လပ်စွာစဉ်းစားတွေးခေါ်မှုတို့ကို အားပေးမြှင့်တင်သည့် စစ်ဆေးနည်းများကိုအသုံးပြုမည်။

**၁၁။ ကျောင်းသုံးဘာသာစကားမူဝါဒ**

ပြည်ထောင်စုနယ်မြေအတွင်းရှိအခြေခံပညာကျောင်းများတွင်မိခင်ဘာသာစကားအခြေပြုဘာသာစကား (၃) မျိုး (၁။ မိခင်ဘာသာစကား/ဒေသသုံးဘာသာစကား၊ ၂။ ရုံးသုံးဘာသာစကား/ နိုင်ငံသုံးဘာသာစကား၊ ၃။ နိုင်ငံတကာသုံးဘာသာစကား) စနစ်ကျင့်သုံးမည်။ ဤမူဝါဒကို အကောင်အထည်ဖော်ရာတွင် တိုင်းရင်းသား လူမျိုးအသီးသီး၏ ပညာရေးအဖွဲ့အစည်းများ၊ အကြားအာရုံချို့ယွင်းသူများ၏ ပညာရေးဆိုင်ရာ ကျွမ်းကျင်သူများနှင့်ညှိနှိုင်းဆောင်ရွက်မည်။

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသည် ပြည်ထောင်စုသားအားလုံးအတွက် ဘာသာစကားဆိုင်ရာ လူ့အခွင့်အရေး (Linguistic Human Rights) ကို မြှင့်တင်မည်။ ပြည်ထောင်စုအတွင်း နေထိုင်ကြသော လူမျိုးအသီးသီးသည် မိမိတို့ဘာသာစကားများကို ပြောဆိုခြင်း၊ ရေးသားခြင်း၊ ဖွံ့ဖြိုးစေခြင်းတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ မိမိတို့၏ ကလေးများကိုလည်း သင်ကြားပိုင်ခွင့်ရှိသည်။ မိမိတို့၏ ယဉ်ကျေးမှုများ၊ ဓလေ့ထုံးစံများ၊ ရိုးရာပုံပြင်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်ပိုင်ခွင့်ရှိသည်။ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံ ပညာသင်ကြားရေးစနစ်ကို ဤမူဝါဒအရ အသိအမှတ်ပြုထားသော ကျောင်းများ အားလုံး အကောင်အထည်ဖော်ဆောင်ရွက်မည်။

နားမကြားသူများနှင့် အကြားအာရုံချို့ယွင်းသူများ၏ လက်သင်္ကေတပြဘာသာစကား (Sign Language) ကို မိခင်ဘာသာစကားအဖြစ် အသိအမှတ်ပြု၍ သင်ကြား/သင်ယူခြင်း ဆောင်ရွက်ရမည်။

သင်ရိုးညွှန်းတမ်းတွင် ပြည်ထောင်စုသားများ၏ ဘာသာစကားများ၊ ယဉ်ကျေးမှုများကို ထည့်သွင်း ဖော်ပြမည်။ ကျောင်းသားများကိုလည်း ပြည်ထောင်စုသားအားလုံး၏ အခွင့်အရေးများကို လေးစား တန်ဖိုးထားအောင် သင်ကြားပေးမည်။ အခြေခံပညာကျောင်းများတွင် ပြည်ထောင်စုသား အာလုံး၏ တန်းတူဖြစ်မှုနှင့် အပြန်အလှန်လေးစားမှုရှိအောင်ဆောင်ရွက်မည်။

မြို့ကြီးများတွင်နေထိုင်ကြသည့် တိုင်းရင်းသား လူနည်းစုများအတွက် ဘာသာစကား သင်ကျောင်းများ ဖွင့်လှစ်ပြီး ကျွမ်းကျင်သော ဆရာ၊ ဆရာမများကို ခန့်အပ်သင်ကြားစေမည်။ မြန်မာဘာသာစကားသည် မိခင်ဘာသာစကားဖြစ်သော ကျောင်းသားများ နှစ်သက်ရာ အခြားတိုင်းရင်းသားဘာသာစကားကို ရွေးချယ်သင်ယူ နိုင်ရန်လည်း စီစဉ်ဆောင်ရွက်မည်။

### ၁၁(က) ဒေသသုံးဘာသာစကား (မိခင်ဘာသာစကား) နှင့် လက်သင်္ကေတပြဘာသာစကား

ကျောင်းသားများ၏ မိခင်ဘာသာစကားကို ကနဦးစာတတ်မြောက်ရေးနှင့် စာသင်ခန်းသုံးဘာသာ စကားအဖြစ်အသုံးပြုမည်။ မိခင်ဘာသာစကားဖြင့် ရေးသားထားသော ကျောင်းသုံးစာအုပ်များကို ရုံးသုံး/နိုင်ငံသုံးဘာသာစကားနှင့် တွဲဖက်အသုံးပြုမည်။ နားမကြားသူများနှင့် အကြားအာရုံချို့ယွင်း သူများ အတွက်လက်သင်္ကေတပြဘာသာစကားကို ရုံးသုံး/နိုင်ငံသုံးဘာသာစကားနှင့် တွဲဖက် အသုံးပြုမည်။

### ၁၁(ခ) နိုင်ငံသုံးဘာသာစကား (မြန်မာဘာသာစကား)

နိုင်ငံသုံးဘာသာစကားဖြစ်သည့် မြန်မာဘာသာစကားကို ကလေးတိုင်း သင်ယူတတ်မြောက် နိုင်စေရန်လည်း ကြိုးပမ်းဆောင်ရွက်မည်။ မြန်မာဘာသာစကားကို ဒုတိယဘာသာစကားအဖြစ် သင်ကြားနည်းစနစ်များကို ဆရာအတတ်ပညာသင်ကြားသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် သင်ကြားပို့ချမည်။ မြန်မာဘာသာစကားသည် မိခင်ဘာသာစကားဖြစ်သော ကျောင်းသားများ၏ ဘာသာစကားသင်ယူမှုကိုလည်း လေးစားတန်ဖိုးထား၍ အားပေးကူညီသွားမည်။

### ၁၁(ဂ) နိုင်ငံတကာသုံးဘာသာစကား (အင်္ဂလိပ်ဘာသာစကား)

ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် အင်္ဂလိပ်ဘာသာစကားကို နိုင်ငံသုံးဘာသာစကား၊ ဒေသသုံးဘာသာစကားများနှင့်အတူသင်ကြားမည်။ ဤပညာရေးမူဝါဒသည် ပြည်ထောင်စုသားများ ၏ ပညာသင်ကြားရေး၊ အလုပ်အကိုင်ရရှိရေးနှင့် ကူးသန်းရောင်း ဝယ်ရေးတို့ တွင်လိုအပ်သည့်

နိုင်ငံတကာသုံးဘာသာစကားများကို လေ့လာသင်ယူသည့်အစီအစဉ်များကို ချမှတ်ဆောင်ရွက်ရမည်။

**၁၁(ဃ) အိမ်နီးချင်းနိုင်ငံသုံးဘာသာစကားများ**

နယ်စပ်ဒေသတွင် ဖွင့်လှစ်သောကျောင်းများသည် သက်ဆိုင်ရာဒေသနှင့် ထိစပ်လျှက်ရှိသောနိုင်ငံ၏ ဘာသာစကား သင်ယူမှုကို သက်ဆိုင်ရာကျောင်းအုပ်ချုပ်ရေးကောင်စီက လွတ်လပ်စွာ ဆုံးဖြတ်နိုင်သည်။

**၁၂။ ဆရာ၊ ဆရာမများ**

ရှေးဦးကလေးသူငယ်များကို သင်ကြားသော ဆရာဆရာမများ၊ မသန်စွမ်းသူများနှင့် အထူးလိုအပ်ချက်ရှိသူများကို သင်ကြားသော ဆရာဆရာမများ၊ အခြေခံပညာဆရာဆရာမများ၊ သက်မွေးပညာဆရာဆရာမများ၊ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံ ဆရာ၊ ဆရာမများအားလုံး အရည်အသွေး ပြည့်ဝရန်၊ လုံလောက်သော ထောက်ပံ့မှုများရရှိရန်၊ နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိရန်နှင့် လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်၊ လွတ်လပ်စွာသင်ကြားနိုင်ခွင့် ရှိရန်ဆောင်ရွက်မည်။

မြန်မာနိုင်ငံ၏ စစ်ရေး၊ နိုင်ငံရေး၊ သဘာဝဘေး၊ ကူးစက်ရောဂါဘေး စသည့် ခက်ခဲသော ကာလများတွင် စေတနာရှေ့ထား၍ သင်ကြားရေးဆောင်ရွက်ကြသော ဆရာ၊ ဆရာမများကို အသိအမှတ်ပြုပါသည်။ တိုင်းရင်းသားအခြေပြုကျောင်းများ၊ ဘုန်းတော်ကြီးသင် ကျောင်းများ၊ ဘုရားကျောင်းအခြေပြုကျောင်းများ၊ ဘာသာရေးအသင်းအဖွဲ့များမှ ဖွင့်လှစ်သော ကျောင်းများတွင် သင်ကြားသော ဆရာ၊ ဆရာမများကိုလည်း အသိအမှတ်ပြုပါသည်။ ရွှေ့ပြောင်းဒေသကျောင်းများ၊ ဒုက္ခသည်စခန်းများရှိကျောင်းများ၊ စစ်ဘေးရှောင်ဒေသများမှ ကျောင်းများတွင် သင်ကြားသော ဆရာ၊ ဆရာမများကိုလည်း အသိအမှတ်ပြုပါသည်။ ဤပညာရေး မူဝါဒကို စတင်အကောင်အတည်ဖော်သည့် ကာလတွင် ဆရာဆရာမများအားလုံး၏ အရည်အသွေး မြင့်မားရေးကို စီမံကိန်းချမှတ်ဆောင်ရွက်မည်။

ဤပညာရေးမူဝါဒကို အကောင်အထည်ဖော်ပြီး ၅ နှစ်အကြာတွင် ရှေးဦးကလေးသူငယ်များကို သင်ကြားသောဆရာ၊ ဆရာမများ၊ မသန်စွမ်းသူများနှင့် ပညာရေးအထူးလိုအပ်ချက်ရှိသူများကို သင်ကြားသော ဆရာ၊ ဆရာမများ၊ အခြေခံပညာ ဆရာ၊ ဆရာမများအားလုံးသည် အနည်းဆုံး ပညာရေးဆိုင်ရာဘွဲ့ (သို့မဟုတ်) ဘွဲ့လွန်ပညာရေးဒီပလိုမာ ရရှိထားသူများဖြစ်ရမည်။ အလားတူပင် တက္ကသိုလ်/ ကောလိပ် ဆရာ၊ ဆရာမ များသည် အနည်းဆုံး မဟာဘွဲ့ရရှိထားသူများ ဖြစ်ရမည်။ သက်မွေးပညာ သင်ကြားသော ဆရာ၊ဆရာမများသည် သက်မွေးပညာကောင်စီမှ သတ်မှတ်သည့် အရည်အချင်းများနှင့် ပြည့်စုံပြီး လုပ်ငန်းအတွေ့အကြုံရှိသူများဖြစ်ရမည်။

ဆရာ၊ ဆရာမများသည် သင်ကြားရေးတာဝန် ထမ်းဆောင်နေသည့် ကာလအတွင်း တက္ကသိုလ်များတွင် ဘွဲ့လွန် သင်တန်းများ တက်ရောက်ခြင်း၊ ပညာရေးဆိုင်ရာ ကာလတို သင်တန်းများ တက်ရောက်ခြင်း၊ ဆွေးနွေးပွဲများတက်ရောက်ခြင်း၊ သုတေသနပြုခြင်းနှင့် သက်ဆိုင်ရာ ဖက်ဒရယ်ယူနစ်ရှိ ပညာရေးကောင်စီများမှ သက်မှတ်ထားသည့် စဉ်ဆက်မပြတ် ဆရာအတတ်ပညာ ဖွံ့ဖြိုးရေးအစီအစဉ်များတွင် သင်ယူခွင့်ရှိခြင်း တို့ကို အားပေးမြှင့်တင်မည်။ ဆရာ/ ဆရာများသည် မိမိအရည်အသွေးတိုးတက်စေရန်အတွက် ပြည်တွင်း ပြည်ပ နိုင်ငံတကာ တက္ကသိုလ်များသို့ ပညာသင်ဆုလျှောက်ထားပိုင်ခွင့် ရှိသည်။ ဆရာ၊ ဆရာမများ၏ အရည်အသွေး မြင့်မားရေးအတွက် သက်ဆိုင်ရာဒေသအလိုက် နီးစပ်ရာကျောင်းများ (တက္ကသိုလ်ကျောင်းများ အပါအဝင်) စုပေါင်း၍ ကျောင်းအုပ်စု (School Clusters) များဖွဲ့စည်း ဆောင်ရွက်နိုင်သည်။

ပြည်ထောင်စု တစ်ဝှမ်းရှိ ဆရာ့အတတ်ပညာကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များ၏ အရည်အသွေး၊ သင်ရိုးညွှန်းတမ်းနှင့် ဆရာ့အတတ်ပညာသင် ဆရာ၊ ဆရာမများဖွံ့ဖြိုးရေး စသည့် အရေးကိစ္စများ ပူးပေါင်းဆောင်ရွက်ရန် ဖက်ဒရယ်ပြည်ထောင်စု အဆင့် ဆရာအတတ်ပညာ ကောင်စီ ဖွဲ့စည်းခွင့်ရှိသည်။ ဆရာအတတ်ပညာကောင်စီကို အစိုးရဌာနအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဝါရင့်ဆရာအတတ် ပညာရှင်များ၊ ပညာရေး ပညာရှင်များ၊ အငြိမ်းစား ဆရာအတတ် ပညာရှင်များနှင့် အငြိမ်းစား ပညာရေးပညာရှင်များပါဝင် ဖွဲ့စည်းမည်။ ဆရာအတတ်ပညာကောင်စီသည် သင်ရိုးညွှန်းတမ်းနှင့် အရည်အသွေးကိစ္စများ၊ ဆရာအတတ် ပညာရေး ဆိုင်ရာ အရည်အသွေး အာမခံမှု၊ သင်ကြားရေးလိုင်စင် ပြုလုပ်ခြင်းများ၊ သင်ရိုးညွှန်းတမ်း နှင့် စစ်ဆေး အကဲဖြတ်ခြင်း နည်းပညာ၊ စဉ်ဆက်မပြတ် ဆရာ အတတ်ပညာ ဖွံ့ဖြိုးမှု လုပ်ငန်းများ၊ သင်ယူမှု ဝန်းကျင်ကောင်း တည်ဆောက်ရေး၊ အခြေခံပညာရေးနှင့် ဆရာ အတတ် ပညာရေးဆိုင်ရာ သုတေသနများ ပြုလုပ်ခြင်း စသည့် အရေး ကိစ္စများကို ဖက်ဒရယ်ပညာရေးကောင်စီနှင့် ညှိနှိုင်း ဆောင်ရွက်မည်။ ဆရာအတတ်ပညာ ဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မည်။

လုပ်ငန်းခွင်ကြို ဆရာ၊ ဆရာမများသည် ပညာရေးတက္ကသိုလ်/ ကောလိပ်/ သိပ္ပံများ တက်ရောက်ရာတွင် ပညာရေးကဏ္ဍများဖြစ်သည့် ရှေးဦးကလေးသူငယ်ပညာရေး၊ မသန်စွမ်းကလေးများ၏ ပညာရေးနှင့် အထူးပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေး ကဏ္ဍများအနက်နှစ်သက်ရာကဏ္ဍကို ရွေးချယ်တက်ရောက်ပိုင်ခွင့်ရှိသည်။ ပညာရေးတက္ကသိုလ်/ ကောလိပ်/ သိပ္ပံများ၏ သင်ရိုးညွှန်းတမ်းတွင် ပညာရေးကဏ္ဍအသီးသီးနှင့် အထူးပြုဘာသာရပ် အသီးသီးအတွက် ပညာရေးဘွဲ့ပေးအပ်နိုင်သည့် သင်ရိုးများရေး ဆွဲပြဋ္ဌာန်းမည်။ ပညာရေးဘွဲ့ မဟုတ်သော အခြားဘာသာရပ်များဖြင့် ဘွဲ့ရရှိထားသူများသည် အခြေခံပညာရေးကဏ္ဍများတွင် ဆရာအတတ်ပညာဖြင့် အသက်မွေးဝမ်းကြောင်းပြုလိုပါက ဆရာအတတ်ပညာဘွဲ့လွန် ဒီပလိုမာသင်တန်းကို တက်ရောက်ရမည်။ ဆရာ၊ ဆရာမ အလုပ်လျှောက်ထားလိုပါက ပညာရေးတက္ကသိုလ်၊ ကောလိပ်များတွင် ဘွဲ့လွန်ဒီပလိုမာသင်တန်း တက်ရောက် အောင်မြင်ပြီးသူများ ဖြစ်ရမည်။

ဆရာ၊ ဆရာမများ အလုပ်လျှောက်ထားရာတွင်နှစ်သက်ရာ ပြည်နယ်အတွင်းရှိကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများကို ရွေးချယ်လျှောက်ထားပိုင်ခွင့်ရှိသည်။ သက်ဆိုင်ရာ ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအုပ်ချုပ်ရေးကောင်စီများက ကျောင်းမူဝါဒ/တက္ကသိုလ် ပဋိညာဉ်တို့နှင့်အညီ လျှောက်လွှာများကို စိစစ်၊ ရွေးချယ်၊ ခန့်အပ်မည်။

ဆရာဆရာမများ၏ လစာနှင့်ပတ်သက်၍ အခြေခံပညာကျောင်းအားလုံးတွင် ရှေးဦး ကလေးသူငယ်ပညာရေး၊ မသန်စွမ်းသူများနှင့် အထူးလိုအပ်ချက်ရှိသူများအတွက်ပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေးတို့တွင် သင်ကြားသူဆရာ၊ ဆရာမများအားလုံး အခြေခံလစာ တူညီမှုရှိမည်။ လုပ်သက်၊ ရာထူး၊ စွမ်းဆောင်ရည်နှင့် ရရှိသောဘွဲ့ဒီဂရီများကို အခြေခံ၍ လစာကွာဟချက်ရှိမည်။ ဆရာ/ ဆရာမများအားလုံး လုံလောက်သော ထောက်ပံ့မှုများရရှိရန်နှင့် အိမ်ရာစီမံကိန်းများဆောင်ရွက်ရန်၊ ကျန်းမာရေး အခမဲ့ ဆေးကုသခွင့်နှင့် ပင်စင်ခံစားခွင့်များ ရှိစေရမည်။ ဝေးလံခေါင်ဖျားလမ်းပန်းဆက်သွယ်ရေးခက်ခဲ၍ ဆရာ/ ဆရာမများ ရှားပါးသော ဒေသတွင် တာဝန်ထမ်းဆောင်မည့် ဆရာ/ ဆရာမများအတွက် လုံခြုံရေး၊ စားဝတ်နေရေးနှင့် ဒေသစရိတ်ခံစားခွင့်၊ အထူးလစာခံစားခွင့်များ ပေးရမည်။

ပြည်ထောင်စုနယ်မြေအသီးသီးတွင် တာဝန်ထမ်းဆောင်ကြသည့် ရှေးဦး ကလေးသူငယ်များကို သင်ကြားသော ဆရာ၊ ဆရာမများ၊ မသန်စွမ်းသူများနှင့် အထူးလိုအပ်ချက်ရှိသူများကို သင်ကြားသော ဆရာဆရာမများ၊ အခြေခံပညာဆရာဆရာမများ၊ သက်မွေးပညာ ဆရာဆရာမများ၊ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံဆရာဆရာမများ၏ လစာနှုန်းထားများ ကွာဟချက် နည်းစေရန် အတွက်ဖက်ဒရယ်ပညာရေး ကောင်စီမှလစာနှုန်းထားစံသတ်မှတ်ချက်များ ရေးဆွဲ ပြဋ္ဌာန်းမည်။ ဆရာဆရာမများ၏ ရာထူးတိုးမှု နှင့်အပြောင်းအရွှေ့ဆိုင်ရာ မူဝါဒကိုလည်း ဖက်ဒရယ်ပညာရေး ကောင်စီသည်သက်ဆိုင်ရာပညာရေးကဏ္ဍတာဝန်ရှိသူများနှင့် ညှိနှိုင်းရေးဆွဲ ပြဋ္ဌာန်းမည်။ ဆရာ/ ဆရာမများ ရာထူးတိုးနှင့် အပြောင်းအရွှေ့ဆိုင်ရာမူဝါဒကို တိကျရှင်းလင်းစွာ ထားရှိပြီး မြို့နယ်ပညာရေး ကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးကောင်စီများကို အပြည့်အဝ ပေးအပ်ရမည်။

## ၁၃။ ကျောင်းသားသမဂ္ဂများနှင့် ဆရာသမဂ္ဂများ

မြန်မာနိုင်ငံသမိုင်းတွင်ကျောင်းသားသမဂ္ဂများနှင့် ဆရာသမဂ္ဂများသည်နယ်ချဲ့လွှမ်းမိုးမှုနှင့် အာဏာရှင်စနစ်ကို ဆန့်ကျင်တိုက်ပွဲဝင်ရာတွင် ရှေ့တန်းမှပါဝင်ခဲ့ကြသူများဖြစ်သည်။ ပညာရေး ပြုပြင်ပြောင်းလဲရေး၊ ကျောင်းသားများ၏အခွင့်အရေး၊ ဆရာများ၏အခွင့်အရေး တို့အတွက် ဦးဆောင်လှုပ်ရှားခဲ့ကြသည်။ ဖက်ဒရယ်ဒီမိုကရေစီပညာရေးစနစ်တွင် ကျောင်းသား သမဂ္ဂများနှင့် ဆရာသမဂ္ဂများ၏ အခန်းကဏ္ဍကို မြှင့်တင်၍ပညာရေးမူဝါဒများ ချမှတ်ရာတွင် လည်းကောင်း၊ သင်ရိုးညွှန်းတမ်းများ ရေးဆွဲရာတွင်လည်းကောင်း၊ ပညာရေးလုပ်ငန်းများ အကောင်အထည် ဖော်ရာတွင်လည်းကောင်း ဖက်ဒရယ်ပညာရေးကောင်စီများတွင်လည်းကောင်း သမဂ္ဂများ၏ ပါဝင်မှုကို အလေးထားဆောင်ရွက်မည်။

အခြေခံပညာကျောင်းများ၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ အားလုံးတွင် ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ၊ ဝန်ထမ်းသမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းခွင့် ရှိသည်။ ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ၊ ဝန်ထမ်းသမဂ္ဂများသည် မိမိတို့၏ ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက် နှင့် လုပ်ငန်းတာဝန်များကို ကိုယ်တိုင် ရေးဆွဲမည်။ သမဂ္ဂအမှုဆောင်များကို ရွေးချယ်ရာတွင် ဒီမိုကရေစီ နည်းလမ်းများအရ အဆင့်ဆင့်ရွေးကောက် တင်မြှောက်မည်။

ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင်သမဂ္ဂရုံးခန်းများအတွက်နေရာထားရှိမည်။ ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများနှင့်ဝန်ထမ်းများသည် ယဉ်ကျေးမှု၊ အနုပညာ၊ အားကစား၊ အမျိုးသမီး၊ လူငယ်အစရှိသည့် ဝါသနာပါရာ အသင်းအဖွဲ့များကိုလည်း လွတ်လပ်စွာဖွဲ့စည်းခွင့် ရှိသည်။ ကျောင်းသားသမဂ္ဂများနှင့်ဆရာသမဂ္ဂများအား ပညာရေးကောင်စီအဆင့်ဆင့်အလိုက် ထည့်ဝင်ဖွဲ့စည်းရမည်။

ကျောင်းသားသမဂ္ဂများနှင့် ဆရာသမဂ္ဂများသည် ပြည်နယ်အဆင့်တွင်လည်းကောင်း၊ ဖက်ဒရယ်ပြည်ထောင်စုအဆင့်တွင်လည်းကောင်း သမဂ္ဂအဖွဲ့ချုပ်များကို ဒီမိုကရေစီနည်းလမ်းများ အရ ဖွဲ့စည်းနိုင်သည်။ သမဂ္ဂအဖွဲ့ချုပ်များ၊ ပြည်နယ်အဆင့် သို့မဟုတ် ဖက်ဒရယ်ပြည်ထောင်စုအဆင့် သမဂ္ဂကိုယ်စားပြု ကိုယ်စားလှယ်များသည်သက်ဆိုင်ရာ ပြည်နယ်ပညာရေးကောင်စီ၊ ဖက်ဒရယ်ပညာရေးကောင်စီတို့နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည်။ ဝန်ထမ်းသမဂ္ဂများသည် အခြားအလုပ်သမားသမဂ္ဂများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည်။[1]

### ၁၄။ ကျောင်းသားမိဘများနှင့် ရပ်ရွာ၏ပါဝင်မှု

ပညာရေးတွင် မိဘများနှင့် ရပ်ရွာ၏ပါဝင်မှုသည် သင်ယူမှုပတ်ဝန်းကျင်ကို ဖွံ့ဖြိုးတိုးတက်စေပါသည်။ ဤပညာရေးမူဝါဒသည် မိဘများနှင့် ရပ်ရွာ၏ပါဝင်မှုကို အားပေးမြှင့်တင်ပါသည်။ အခြေခံပညာကျောင်းများတွင်ကျောင်း မဖွင့်မီ သို့မဟုတ် ကျောင်းဖွင့်စအချိန်တွင် ကျောင်းသားမိဘများကို ကျောင်းသို့ဖိတ်ခေါ်၍ ကျောင်းတွင်သင်ကြားမည့် သင်ရိုးညွှန်းတမ်း၊ သင်ကြားနည်း စနစ်၊ စစ်ဆေးနည်းစနစ်များနှင့် တစ်နှစ်တာဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းပြမည်။ မိဘများသိလို၍မေးမြန်းသည်များကို ကျောင်းမှဖြေကြားမည်။ ကျောင်းသားမိဘများ၏ အစည်းအဝေးမှ ရွေးချယ်သည့်ကိုယ်စားလှယ်ကို ကျောင်းပညာရေး ကောင်စီတွင် ပါဝင်စေ၍ ကျောင်း၏အရေးအရာကိစ္စများကိုတိုင်ပင်ဆုံးဖြတ်ရာတွင်ပါဝင်မည်။ မိဘများသည် မိမိတို့၏ သားသမီးများကို နိုင်ငံအတွင်းရှိ မည်သည့်ကျောင်းများကိုမဆို လွတ်လပ်စွာ ပညာသင်ကြားခွင့်ကို လျှောက်ထားပိုင်ခွင့်ရှိသည်။

---

[1] မှတ်ချက်။ ။ သီးခြားလွတ်လပ်စွာ ဖွဲ့စည်းသော သမဂ္ဂများ၏ ပြည်နယ်အဆင့်နှင့် ဖက်ဒရယ်ပြည်ထောင်စုအဆင့်တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအား ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

အတန်းအသီးသီး၏ တာဝန်ခံဆရာဆရာမများသည်မိမိတို့အတန်းမှ ကျောင်းသားကျောင်းသူများ၏ မိဘများနှင့်ပုံမှန်ဆက်သွယ်၍ သားသမီးများ၏သင်ယူမှု၊ တိုးတက်မှုများနှင့် အခက်အခဲ ရှိသည်များကို တင်ပြမည်။ ကျောင်းသားများ သင်ယူသည့်ဘာသာရပ်များနှင့်ပတ်သက်၍ ကျွမ်းကျင်သူ၊ အတွေ့အကြုံကြွယ်ဝသူများကို ဖိတ်ခေါ်ရာတွင် ကျောင်းသားမိဘများထဲမှ သင့်လျော်သူများကို ဖိတ်ခေါ်၍ သင်ကြားမှုသင်ယူမှုလုပ်ငန်းစဉ်များတွင် ဟောပြောဆွေးနွေး ပို့ချခြင်းဖြင့် ပြန်လည်မျှဝေစေမည်။

အခြေခံပညာကျောင်းများသည်ကျောင်းတည်ရှိရာဒေသအတွင်းရှိလူမှုရေးနှင့်ဘာသာရေးအသင်းအဖွဲ့များ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများနှင့် အခြားစီးပွားရေး လုပ်ငန်းများ၊ နယ်ပယ်အလိုက်ကျွမ်းကျင်သည့်အဖွဲ့အစည်းများနှင့်လူပုဂ္ဂိုလ်များ စသည်တို့နှင့် ချိတ်ဆက်၍ ကျောင်းသားများ၏ ကျောင်းပြင်ပလေ့လာသင်ယူမှုများကို ဆောင်ရွက်မည်။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်သက်မွေးပညာ ကျောင်းများသည်လည်း အလားတူ ဆောင်ရွက်၍ ပိုမိုကျယ်ပြန့်သည့်ချိတ်ဆက်မှုများကို ဆောင်ရွက်မည်။

ကျောင်းသားကျောင်းသူများသည် သင်ရိုးညွှန်းတမ်းတွင်ပါဝင်သည့် ဘာသာရပ်များကို စာတွေ့သာမက လက်တွေ့နှင့်ချိတ်ဆက်သင်ယူကြမည်။ စာသင်ကျောင်းတစ်ခု၏ တာဝန်သည် ကျောင်းသားများအား ဘာသာရပ်ဆိုင်ရာအသိပညာများကို လေ့လာဆည်းပူးစေရုံမျှမက လူမှုရေးတာဝန်သိမှုကိုလည်း မြှင့်တင်ပေးရမည့် တာဝန်ရှိသည်။ စာသင်ကျောင်းသည် ရပ်ရွာအသိုက်အဝန်းနှင့် ချိတ်ဆက်ထားသဖြင့် ကျောင်းသား၊ ကျောင်းသူများသည် ရပ်ရွာတွင် သက်ကြီးရွယ်အိုများအား စောင့်ရှောက်ခြင်း၊ သဘာဝဘေးဒဏ်ခံရ သူများကို ကူညီကယ်ဆယ်ခြင်း၊ ရပ်ရွာသန့်ရှင်းရေးဆောင်ရွက်ခြင်းစသည့် လူမှုအကျိုးပြု လုပ်ငန်းများကို ပြုလုပ်ခြင်းဖြင့် လူမှုရေးတာဝန်သိမှုကို လက်တွေ့အကောင်အထည်ဖော်မည်။

အသက်မွေးဝမ်းကြောင်းဆိုင်ရာကျောင်းများသည် ရပ်ရွာဒေသအတွင်းရှိ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းအမျိုးမျိုးနှင့် ဆက်သွယ်ထားခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့လေ့လာသင်ယူသည့် ဘာသာရပ်နှင့်သက်ဆိုင်သော လုပ်ငန်းများတွင် လုပ်အားပေးသင်ယူခြင်း (Service Learning)၊ အလုပ်သင်အဖြစ်သင်ယူခြင်း (Apprenticeship) စသည်တို့ဖြင့် သင်ယူမှုကို ပိုမိုထိရောက်စေပါသည်။ ကျောင်းမှအောင်မြင်ပြီး အလုပ်အကိုင် ရှာဖွေရာ တွင်လည်း အထောက်အကူဖြစ်စေပါသည်။

## ၁၅။ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ (ICT) အသုံးပြုမှု

ကမ္ဘာတစ်ဝှမ်းသတင်းနှင့်ဆက်သွယ်ရေးနည်းပညာများ (ICT) ဖွံ့ဖြိုးတိုးတက်လာပြီး ပညာရေးကဏ္ဍတွင်သတင်းနှင့် ဆက်သွယ်ရေးနည်းပညာကို တွင်တွင်ကျယ်ကျယ်အသုံးပြုလာကြသည်။ ကိုဗစ်ကပ်ရောဂါကြောင့် စာသင်ကျောင်းများ ပိတ်ထားသည့် ကာလတွင် သတင်းနှင့်ဆက်သွယ်ရေး နည်းပညာကို အသုံးပြုပြီး online စာသင်ခန်းများကို မိမိတို့နေအိမ်မှနေ၍ တက်ရောက် နိုင်ကြသည်။

ပြည်ထောင်စုတစ်ဝှမ်းရှိကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် သတင်းနှင့်ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးလာရန်နှင့် အသုံးပြုနိုင်စေရန်ဆောင်ရွက်မည်။ တစ်ပြိုင်နက်တည်းတွင် နည်းပညာ ကွာဟချက် (digital divide) ကြောင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ယူမှုအခွင့်အရေး ကွာဟချက်မရှိစေရန်ဆောင်ရွက်မည်။ ခေတ်မီနည်းပညာကို သာတူညီမျှအသုံးပြုနိုင်သည့် နည်းလမ်းများ (equitable use of technology) ဖြင့်ဆောင်ရွက်မည်။ (ICT) ကို ကျောင်းသင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းဆောင်ရွက်မည်။

ပညာရေးကဏ္ဍအသီးသီးတွင် သတင်းနှင့်ဆက်သွယ်ရေးကိရိယာများ တပ်ဆင်မှု (digital infrastructure) ကို ပြည်နယ်အားလုံး အညီအမျှ ဖွံ့ဖြိုးစေရန်ဆောင်ရွက်မည်။ ဆရာ၊ ဆရာမအားလုံး ကိုလည်း သတင်းနှင့်ဆက်သွယ်ရေး နည်းပညာများ ကျွမ်းကျင်မှု ရှိအောင် ဆောင်ရွက်ပြီး ကျောင်းသားများ၏ နည်းပညာအသုံးပြုမှုကို တိုးတက်အောင် ဆောင်ရွက်မည်။

**၁၆။ ပညာရေးဆိုင်ရာသတင်းအချက်အလက်များ**

ပြည်နယ်အသီးသီးတွင် ပညာရေးဆိုင်ရာ သတင်းအချက်အလက်များကို စနစ်တကျစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ ရယူစေခြင်းတို့ဖြင့် ပညာရေးဆိုင်ရာသုတေသနများ၊ ပညာရေးစီမံကိန်းများ လုပ်ဆောင်ရာတွင် အကျိုးသက်ရောက်မှုရှိစေရန်ဆောင်ရွက်မည်။ ပညာရေးဆိုင်ရာ သတင်းအချက်အလက်များကို မည်သူမဆို ကြည့်ရှုခွင့်နှင့်ရယူပိုင်ခွင့်ရှိသည်။ သတင်းအချက်အလက် များကို ပြုစုရာတွင်မှန်ကန်တိကျစွာ ကောက်ယူပြုစုမည်။

အခြေခံပညာကျောင်းများ၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၏ ပညာရေးဆိုင်ရာ သတင်းအချက်အလက်များကို ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအုပ်ချုပ်ရေးကောင်စီများက တာဝန်ယူ၍ စနစ်တကျ စုဆောင်းထိန်းသိမ်းပြီး မြို့နယ်ပညာရေး ကောင်စီသို့ တင်ပြမည်။ မြို့နယ်ပညာရေးကောင်စီများကလည်း သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ပညာရေးသတင်းအချက်အလက်များကို စနစ်တကျ စုဆောင်း ထိန်းသိမ်းပြီး ပြည်နယ်ပညာရေး ကောင်စီသို့ တင်ပြမည်။ ပြည်နယ်ပညာရေးကောင်စီများကလည်း ပြည်နယ်အတွင်းရှိ ပညာရေး သတင်းအချက်အလက်များကို စနစ်တကျ စုဆောင်းထိန်းသိမ်းပြီး ဖက်ဒရယ်ပညာရေးကောင်စီသို့ တင်ပြမည်။

ဖက်ဒရယ်ပညာရေးကောင်စီသည် ပြည်ထောင်စု အတွင်းရှိ ပညာရေးဆိုင်ရာ သတင်းအချက် အလက်များကို စုဆောင်း ထိန်းသိမ်းရာ ဌာနတွင် စနစ်တကျထားရှိမည်။ အဆိုပါသတင်းအချက် အလက်များကို ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြမည်။ အများပြည်သူကြည့်ရှုနိုင်အောင်လည်း ဆောင်ရွက်မည်။ ပညာရေးကောင်စီ အဆင့်ဆင့်သည် ပညာရေးသတင်းအချက်အလက်များကို စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ အစီရင်ခံတင်ပြခြင်းတို့ကို ပညာသင်နှစ် တစ်နှစ်လျှင် ၂ ကြိမ် ဆောင်ရွက်ပါမည်။

၂၀၂၃ ခုနှစ်၊ မေလ (၈) ရက်နေ့ NUCC တွင် ဆွေးနွေးအတည်ပြုသည်။

## ၁၇။ ပညာရေးအရည်အသွေးအာမခံမှု

ပြည်ထောင်စုနယ်မြေအသီးသီးရှိပညာရေးလုပ်ငန်းများကို အရည်အသွေးရှိမှု (quality)၊ သာတူညီမျှရှိမှု (equity) နှင့်အကျိုးရှိမှု (efficiency) တို့အတွက်ပညာရေးအရည်အသွေး အာမခံမှု (Eduational Quality Assurance) ကို စနစ်တကျဆောင်ရွက်မည်။ ပြည်ထောင်စုအတွင်း ပညာရေးအရည်အသွေးအာမခံမှုကို ဖက်ဒရယ်ပညာရေးကောင်စီက တာဝန်ယူဆောင်ရွက်မည်။ ဖက်ဒရယ်ပညာရေးကောင်စီသည် ပညာရေးအရည်အသွေးအာမခံမှုအတွက် လွတ်လပ်သည့် ပညာရေးအရည်အသွေးအာမခံမှုကော်မတီ တစ်ရပ်ကို ကျွမ်းကျင်သူ ပညာရှင်များဖြင့် ဖွဲ့စည်းဆောင်ရွက်မည်။

လွတ်လပ်သည့်ပညာရေးအရည်အသွေးအာမခံမှုကော်မတီသည် အရည်အသွေးဆိုင်ရာစံများ သတ်မှတ်ရာတွင် ပြည်နယ်အသီးသီးက တာဝန်ယူသည့်ပညာရေးလုပ်ငန်းများသာမက တိုင်းရင်းသားအခြေပြု ပညာရေးလုပ်ငန်းများ၊ ဒေသအခြေပြုပညာရေးလုပ်ငန်းများ၊ ဘာသာရေး အခြေပြုပညာရေးလုပ်ငန်းများ၊ ပုဂ္ဂလိကပညာရေးလုပ်ငန်းများ စသည့် အစိုးရပြင်ပရှိပညာရေးအဖွဲ့အစည်းများ၊ ဆရာသမဂ္ဂများ၊ ကျောင်းသားသမဂ္ဂများနှင့် ညှိနှိုင်းတိုင်ပင်သတ်မှတ်မည်။

ပြည်နယ်ပညာရေးကောင်စီများသည် သက်ဆိုင်ရာပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၏ အရည်အသွေးဆိုင်ရာ တိုင်းတာမှုများကို တာဝန်ယူဆောင်ရွက်မည်။ အခြေခံပညာကျောင်းများတွင်တက်ရောက်သည့် ကျောင်းသားကျောင်းသူများအား မူလတန်းပညာ ပြီးဆုံးသည့်အချိန်တွင်တစ်ကြိမ်၊ အလယ်တန်းပညာပြီးဆုံးသည့် အချိန်တွင်တစ်ကြိမ်၊ အထက်တန်း ပညာပြီးဆုံးသည့်အချိန်တွင်တစ်ကြိမ် အရည်အသွေးတိုင်းတာမှုပြုလုပ်မည်။ ဤ အရည်အသွေးတိုင်းတာမှုသည် ကျောင်းသားကျောင်းသူများ၏ စာမေးပွဲအအောင်/အရှုံးနှင့် လည်းကောင်း၊ ဆရာဆရာမများ၏ အလုပ်အကိုင်ရာထူးနှင့်လည်းကောင်း သက်ဆိုင်မှုမရှိစေရ။ အရည်အသွေးတိုင်းတာမှုရလဒ်များကို အခြေခံ၍ သက်ဆိုင်ရာကျောင်းများ၏ ပညာရေး အရည်အသွေးတိုးတက်မှုအတွက်ဆောင်ရွက်ရန်ဖြစ်သည်။ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၏ အရည်အသွေးတိုင်းတာမှုကို ဖက်ဒရယ်ပညာရေး ကောင်စီက တာဝန်ယူဆောင်ရွက်မည်။

## ၁၈။ ဘဏ္ဍာရေးမူဝါဒ

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်ပညာရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများကိုတိုးမြှင့် ဆောင်ရွက်မည်။ ပညာရေးအသုံးစရိတ်ဆိုင်ရာ နိုင်ငံတကာစံနှုန်းများဖြစ်သည့် GDP ၄-၆% သို့မဟုတ် ပြည်ထောင်စုဘတ်ဂျက်တစ်ခုလုံး၏ ၁၅-၂၀% အထိသုံးစွဲမည်။

ပညာရေးအသုံးစရိတ် (budget) ရေးဆွဲရာတွင်ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအလိုက် ရေးဆွဲမည်။ ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများက ဘတ်ဂျက်ရေးဆွဲရာတွင် ကျောင်းသားတစ်ဦးချင်း၏ လိုအပ်ချက်ကို အခြေခံရေးဆွဲမည်။ အသုံးစရိတ်ခွဲဝေရာတွင် ဆရာသမဂ္ဂ၊

ကျောင်းသား သမဂ္ဂများအတွက် ထည့်သွင်းရေးဆွဲမည်။ ဆရာသမဂ္ဂ၊ ကျောင်းသားသမဂ္ဂများအတွက် အသုံးစရိတ်ကို သက်ဆိုင်ရာ သမဂ္ဂများ၏ မူဝါဒများနှင့်အညီ ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအလိုက် သီးခြားရေးဆွဲမည်။ မသန်စွမ်းကျောင်းသားများနှင့် ပညာရေး အထူးလိုအပ်ချက် ရှိသော ကျောင်းသားများ၏ လိုအပ်ချက်ကိုထည့်သွင်းတွက်ချက်မည်။ ပြည်ထောင်စုတစ်ဝှမ်းရှိ ကျောင်းသားများအားလုံး ပညာရေးအခွင့်အလမ်းညီမျှစေရန် သာတူညီမျှပံ့ပိုးမှုအစီအစဉ် (equitable funding) များဆောင်ရွက်မည်။

ပညာရေးအသုံးစရိတ်ထောက်ပံ့ရာတွင်စီမံခန့်ခွဲရေးဆိုင်ရာ အဆင့်၃ ဆင့်ခွဲခြားဆောင်ရွက်မည်။ ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၏ နေ့စဉ်လိုအပ်ချက်များဖြစ်သော ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းပို့၊ ကျောင်းကြိုအစီအစဉ်၊ ကျန်းမာရေး၊ အားကစား စသည့် စရိတ်များကို မြို့နယ်အဆင့်က ထောက်ပံ့မည်။ ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတို့၏ အဓိကအသုံးစရိတ်ကို ပြည်နယ်အဆင့်က ထောက်ပံ့မည်။ ပြည်နယ်တစ်ခုနှင့်တစ်ခု ဘဏ္ဍာငွေ ထောက်ပံ့နိုင်မှုကွာဟချက်ရှိနိုင်သည့်အတွက် ကျောင်းများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ လိုအပ်ချက်များ ပြည့်မီစေရန် ဖက်ဒရယ်ပြည်ထောင်စုအဆင့်က လိုအပ်သော ဘတ်ဂျက်ကို ပံ့ပိုးပေးမည်။

ဘဏ္ဍာငွေထောက်ပံ့ပေးရာတွင်ပြည်နယ်အသီးသီးကတာဝန်ယူဖွင့်လှစ်သည့် ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ တိုင်းရင်းသားအခြေပြုကျောင်းများ၊ ဘာသာရေးအခြေပြုကျောင်းများ၊ ရပ်ရွာမှ စုပေါင်း တည်ထောင်သောကျောင်းများ၊ မသန်စွမ်းနှင့် ပညာရေးအထူး လိုအပ်ချက်ရှိ သူများအတွက် ဖွင့်လှစ်သောကျောင်းများ ပါဝင်သည်။ အသင်းအဖွဲ့နှင့် ဖေါင်ဒေးရှင်းများက ဖွင့်လှစ်သောကျောင်းများသည် ဘဏ္ဍာရေးလိုအပ်ချက်ရှိပါက ပြည်နယ်ပညာရေးကောင်စီတွင် လည်းကောင်း၊ ဖက်ဒရယ်ပညာရေး ကောင်စီတွင်လည်းကောင်း လျှောက်ထားနိုင်သည်။ အရွယ်ရောက်ပြီးသူများ၏ ပညာရေးနှင့် ရာသက်ပန်ပညာရေး အစီအစဉ်များအတွက် ကုန်ကျစရိတ်များကို သက်ဆိုင်ရာ ပြည်နယ်က ထောက်ပံ့မည်။

ဖက်ဒရယ်ပညာရေးကောင်စီ၏အသုံးစရိတ်ကို ပြည်ထောင်စုအစိုးရဘတ်ဂျက်က အသုံးပြုမည်။ ပြည်နယ်ပညာရေးကောင်စီ၏ အသုံးစရိတ်ကိုသက်ဆိုင်ရာပြည်နယ်အစိုးရဘတ်ဂျက်က အသုံးပြုမည်။ မြို့နယ်ပညာရေးကောင်စီ၏ အသုံးစရိတ်ကို သက်ဆိုင်ရာ မြို့နယ်အစိုးရ ဘတ်ဂျက်က အသုံးပြုမည်။ ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ အုပ်ချုပ်ရေးကောင်စီများသည် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ကိုယ်ပိုင်ရံပုံငွေထူထောင်ခွင့်ရှိသည်။ နှစ်စဉ်ရငွေ သုံးငွေ စာရင်းများကို ပွင့်လင်းမြင်သာမှုရှိစွာ အများပြည်သူသို့တင်ပြမည်။

## နိဂုံး

ဤပညာရေးမူဝါဒသည် ကမ္ဘာ့ကုလသမဂ္ဂ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် ပညာရေး (SDG 4, Education 2030)၊ ပညာရေးလွတ်လပ်ခွင့်နှင့် ဖက်ဒရယ်ဒီမိုကရေစီ စနစ်ကျင့်သုံးသော ကမ္ဘာ့နိုင်ငံများ၏ ပညာရေးစနစ် လေ့လာမှုများကိုလည်း ထင်ဟပ်ဖော်ပြ ထားပါသည်။

၂၀၂၃ ခုနှစ်၊ မေလ (၈) ရက်နေ့ NUCC တွင် ဆွေးနွေးအတည်ပြုသည်။

ဤပညာရေးမူဝါဒသည် နိုင်ငံရေး အဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ သြဇာလွှမ်းမိုးမှုမှ ကင်းလွတ်ပါသည်။

ကြားကာလ နှင့် အသွင်ကူးပြောင်းရေးကာလ ပညာရေးလုပ်ငန်းစဉ်များချမှတ်ရာတွင် ဤပညာရေး မူဝါဒကို လမ်းညွှန်အဖြစ် အသုံးပြုပါမည်။ ဤမူဝါဒကို ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ထူထောင်သည့်အချိန်တွင် အသုံးပြုရန် ရည်ရွယ်၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။ ပညာရေးဥပဒေ တစ်ခုပေါ်လာရန် သက်ဆိုင်ရာ ဥပဒေပြုကဏ္ဍမှ ဆက်လက်ဆောင်ရွက်သွားပါမည်။

အသွင်ကူးပြောင်းရေးကာလသင်ကြားရေး၊ ဆရာ၊ ဆရာမလိုအပ်ချက်များဖြည့်ဆည်းရေး၊ တက္ကသိုလ်/ ကောလိပ်/ သိပ္ပံများ အချင်းချင်းချိတ်ဆက်ဆောင်ရွက်ရေး၊ ပညာရေးကောင်စီ အဆင့်ဆင့် ဖွဲ့စည်းရေးနှင့် ဘဏ္ဍာရေးကိစ္စများကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားပါမည်။

ဖက်ဒရယ်ဒီမိုကရေစီပညာရေးပြုပြင်ပြောင်းလဲမှုများကို စီမံကိန်းများ ချမှတ်ကာ တစ်ဆင့်ပြီး တစ်ဆင့်ဆောင်ရွက်မည်ဖြစ်ပြီး ပညာရေးပြုပြင်ပြောင်းလဲမှုတွင် ပါဝင်သူ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအားလုံးနှင့် ကျောင်းသား ကျောင်းသူများအားလုံး ထိခိုက်နစ်နာမှုမရှိအောင် ဆောင်ရွက်ပါမည်။

(၈-၅-၂၀၂၃ NUCC အစည်းအဝေးတွင် အတည်ပြုသည်။)